# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၇) ရက် ၊ သောကြာနေ့ ၊ (27-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာ့ပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၂



**တိုင်းပြည်ကောင်းကျိုး မြတ်နိုးပူဇော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်**

ဆောင်းပါး

စာမျက်နှာ - ၁၀

**မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော် အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်**

စာမျက်နှာ - ၂၃

ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

ယခုအခါ ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်ရာ မီးဘေးအန္တရာယ်ကို သတိပြုလျက် ကြိုတင်ကာကွယ်မှုဖြင့် နေထိုင်သွားကြရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းကမလိုချင်ဘဲ ဖြစ်ပေါ်လာတတ်သည့် ဘေးအန္တရာယ်များတွင် မီးဘေးအန္တရာယ်လည်းပါဝင်ကြောင်း တွေ့နိုင်သည်။ မီးဘေးအန္တရာယ်ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ကာ လျော့ချနိုင်ပြီး မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်လက်ဦးမှုရရှိအောင် ဆောင်ရွက်မှုဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်ငြှိမ်းသတ်ခြင်းဖြင့် အဆိုပါမီးဘေးကို မကြီးထွားစေဘဲ ငြှိမ်းသတ်နိုင်မည်ဖြစ်သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရာတွင် မီးလောင်လွယ်သောပစ္စည်းများ၊ လောင်စာဆီများ၊ ခြောက်သွေ့နေသောအမှိုက်များကို စနစ်တကျထိန်းသိမ်းခြင်း၊ ကောင်းစွာသိုလှောင်ခြင်း၊ ရှင်းလင်းခြင်းတို့ပြုလုပ်ရန်လိုအပ်သည်။ အမှိုက်များကို စနစ်တကျရှင်းလင်းခြင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းဖြစ်သလို လောင်စာဆီကို ကောင်းမွန်စွာသိုလှောင်သိမ်းဆည်းခြင်းက မီးဘေးအန္တရာယ်ကို တားဆီးနိုင်မည်ဖြစ်သည်။ ထို့အတူ မီးလောင်လွယ်သောပစ္စည်းများကို စနစ်တကျထိန်းသိမ်းမှုပြုလုပ်ခြင်းက မီးဘေးအန္တရာယ် လျော့ကျစေနိုင်မည်ဖြစ်သည်။

မီးဘေးရှောင်မလောင်ခင်တား ဟူသည့်အတိုင်း မီးလောင်လွယ်သောပစ္စည်းများကို မီးနှင့်အတူယှဉ်တွဲရှိနေခြင်းမျိုးကို သတိပြုရန်လိုအပ်သည်။ မီးဖို၊ မီးခြစ်၊ မီးတောက်များအနီးတွင် ကလေးများ မဆော့ကစားရန် တားမြစ်ရမည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားလျှင် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ကူးစက်နိုင်သလို ထိုသို့ကူးစက်လောင်ကျွမ်းမှုကို ပိုမိုပြင်းထန်စေသည့် လောင်စာဆီများ သိုလှောင်ရောင်းဝယ်မှုကိုလည်း ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်သည်။

မီးလောင်ကျွမ်းမှုများတွင် တောမီး၊ အလုပ်ရုံ၊ စက်ရုံနှင့် လူနေအိမ်လောင်ကျွမ်းသောမီး၊ ပေါ့ဆမီး၊ ရှို့မီးနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းသောမီး၊ အပူချိန်နှင့် ဓာတုဖြစ်စဉ်ကြောင့် အလိုအလျောက်လောင်ကျွမ်းသောမီးများလည်းရှိနေရာ မည်သည့်မီးမဆို ဘေးအန္တရာယ်အဖြစ် မကျရောက်ရန် ဝိုင်းဝန်းတားဆီးရမည်ဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး မီးဘေးအန္တရာယ်ကျရောက်ပါက နိုင်ငံအတွက် နစ်နာဆုံးရှုံးရသည်။

ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြသည့်အချိန်တွင် အကြမ်းဖက်သမား **NUG**၊ **PDF**၊ **KIA** ပူးပေါင်းအဖွဲ့များက မီးရှို့ဖျက်ဆီးမှုများလုပ်ဆောင်ခဲ့သဖြင့် ကျေးရွာ ၂၂ ရွာမှ ရွာသူ၊ ရွာသားများ ဒုက္ခရောက်ခဲ့ကြရသည်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားကြောင်း တွေ့ရသည်။ ထိုသို့ မီးရှို့ဖျက်ဆီးခဲ့ကြရာတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်းက ကျေးရွာ ၂၂ ရွာရှိ အိမ်ခြေပေါင်း ၁၁၂၂ လုံးကို **KIA**၊ **PDF** များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တွေ့ရသည်။

အဆိုပါမီးရှို့ခံရသည့်ဖြစ်စဉ်များကို စိစစ်ဖော်ထုတ်ခဲ့ရာ **NUG**၊ **PDF**၊ **KIA** အကြမ်းဖက်သမားများသည် ၎င်းတို့၏အကြမ်းဖက်လုပ်ငန်းများကို မထောက်ခံသည့်ကျေးရွာများ၊ ဆက်ကြေးမပေးသည့်ကျေးရွာများနှင့် ၎င်းတို့၏အန္တရာယ်ကိုကာကွယ်ရန် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများကို အဓိကပစ်မှတ်ထား မီးရှို့ဖျက်ဆီးခဲ့ကြောင်း မျက်မြင်ကိုယ်တွေ့ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများက ပြောကြားခဲ့ကြောင်း တွေ့ရသည်။

သို့ဖြစ်ပေရာ ပြည်သူတို့ အခက်အခဲနှင့် ဘေးအန္တရာယ်မကြုံတွေ့စေရန်၊ နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုကိုလည်း တားဆီးနိုင်ရန် မီးဘေးအန္တရာယ်ကို အစဉ်သတိပြုကာကွယ်သွားရမည်ဖြစ်သလို အကြမ်းဖက်သမား **NUG**၊ **PDF**၊ **KIA** ပူးပေါင်းအဖွဲ့များ၏ ကျေးရွာပြည်သူတို့နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းလုပ်ရပ်ကို ရှုတ်ချကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းမဲ့ယာဉ်များကို Mobile Teams ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိ




**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းမဲ့ယာဉ်များကို Mobile Teams ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်သာယာ နယ်နိမိတ်အတွင်း စည်းကမ်းဖောက်ဖျက်သည့်ယာဉ်တချို့ ရှိနေခြင်းကြောင့် ဇန်နဝါရီလ တတိယပတ်မှစ၍ မြို့နယ် ခြောက်မြို့နယ်အတွင်း Mobile Teams အဖွဲ့ဖြစ်သော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(မြို့တွင်း)နှင့် မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့်အဖွဲ့စုံဖြင့် စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့အတွင်း စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စီမံချက်နဲ့ စပြီးစစ်ဆေးကြပ်မတ်ဆောင်ရွက်နေပါတယ်။ အဓိကကတော့ စည်းကမ်းမလိုက်နာတဲ့ ယာဉ်တွေကြောင့် မြို့တွင်းယာဉ်ကြောကျပ်တာတွေ၊ ယာဉ်တိုက်မှု ဖြစ်နေတာတွေကြောင့် စီမံချက်နဲ့ စည်းကမ်းဖောက်ဖျက်ယာဉ်တွေကို စစ်ဆေးကြပ်မတ်နေတာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေး စည်ပင်သာယာ နယ်နိမိတ်ရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်အတွင်း ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်အတိုင်း ဘေးကပ်မရပ်ခြင်း၊ ပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်ခြင်း စသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုများ စစ်ဆေးကြပ်မတ်လျက်ရှိပြီး တစ်ရက်လျှင် စည်းကမ်းဖောက်ဖျက်သည့်ယာဉ်အစီးရေ ၂၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေး ကားဈေးကွက်တွင် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း ငွေကျပ် သိန်း ၂၅၀ ခန့် ကားလေးများ အရောင်းအဝယ် အနည်းငယ် ရှိနေသေးကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ တင်သွင်းခွင့်မရှိတော့သဖြင့် တဖြည်းဖြည်း ရှားပါးလာပြီး လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ်သိန်း ၇၀ ခန့်ထိဈေးနှုန်းမြင့်တက်သွားကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကိုဦးဆောင်နေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ကားအမျိုးအစားများအနက် ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လုပ်ငန်းသုံး ၆၆၀ စီစီ ပစ်ကပ် ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၂၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၀၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၉၀၊ Auto ငွေကျပ်သိန်း ၁၀၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

စလစ်ဈေးနှုန်းမှာ သက်တမ်းနှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ်သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ်သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်နေကြောင်း သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဈေးကွက်အတွင်းရှိ တင်သွင်းပြီး ဆိုင်ကယ်များသာ အရောင်းအဝယ် ပြုလုပ်နေကြပြီး ထိုင်းနှင့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များ အရောင်းအဝယ် ပြန်လည်အေးသွားကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီးမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်း မှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်း မှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၄ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်မျိုးဦးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်း(ခရမ်းရွှေဝါ)၊ ပဲတီစိမ်း(အညာရွှေဝါ) ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေး ဈေးကွက်အတွင်း ပဲတီစိမ်း (ခရမ်းရွှေဝါ)၊ ပဲတီစိမ်း (အညာရွှေဝါ)များ ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ ပဲတီစိမ်း(ခရမ်းရွှေဝါ)ကို ခရမ်းသုံးခွမြို့နယ်နှင့် ပဲတီစိမ်း(အညာရွှေဝါ)ကို မတ္တရာ၊ စဉ့်ကူး၊ ထီးချိုင့်၊ ကသာ စသည့်နယ်များမှထွက်ရှိပြီး မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)မှာ ယခင်နှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ သာ ရှိခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ရရှိနေကြောင်း၊ ထို့အတူ ပဲတီစိမ်း(အညာရွှေဝါ)မှာ ယခင်နှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ သာရှိခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေး ပဲဈေးကွက်ကို ပဲတီစိမ်း(ခရမ်းရွှေဝါ)နဲ့ (အညာရွှေဝါ)တွေ ပေါ်ဦးပေါ်ဖျား ဝင်ရောက်လာပါတယ်။ စထွက်ပေါ်လာတဲ့အချိန်နဲ့ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပွင့်လာတာနဲ့ ကြုံကြိုက်နေတယ်။ ပေါ်ဦးပေါ်ဖျားအချိန်မှာ အရောင်းအဝယ်တွေဟာ သွက်လက်ပြီးတော့ ဈေးကောင်းရရှိနေတယ်။ ပဲတီစိမ်းက နိုင်ငံခြား အဓိကပို့ကုန်ထဲမှာ ပါဝင်ပါတယ်။ နှစ်စဉ်လဲ အိန္ဒိယနဲ့တရုတ်ကို အဓိကတင်ပို့နေတာဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့လဲ ကျမသွားဘဲ ဒီဈေးအတိုင်း ရပ်တည်မယ်လို့ ခန့်မှန်းပါတယ်" ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖောင်းပြင်မြို့နယ် ပိုးဖြူတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပိုးဖြူတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်နေလူမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံတို့က ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပိုးဖြူတောင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး စုစုပေါင်း ၈၃ ဦးအတွက် ချေးငွေကျပ်သိန်း ၄၅၀ ကို အသင်းသားတစ်ဦးချင်း လက်ဝယ်အရောက်နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၇ လမ်း- ၂၈ လမ်းကြား၊ ၇၄ လမ်း- ၇၅ လမ်းကြားနေ မအေးမြသန္တာခိုင်နှင့် မောင်နှမများက ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၀၂၄၃ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၀၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပူးစားပြောင်း ၃၃၀၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပူးစားပြောင်း ၂၀၂၄၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပူးစားပြောင်းဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုလက်ရှိအချိန်ထိတော့ ပူးစားပြောင်းဧက ၂၀၀၀၀ ကျော်ပဲစိုက်ပျိုးပြီးနေပါပြီ။ ကျန်ဧကတွေကို ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပူးစားပြောင်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ တစ်နှစ်နဲ့ တစ်နှစ် တိုးလာသလို အောင်မြင်ဖြစ်ထွန်းနေပါတယ်။ စိုက်ပျိုးထားတဲ့စိုက်ခင်းတွေ ပိုးမွှားကျရောက်မှုမရှိအောင်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၈၅၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၈၈၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၈၁ ဧက၊ ပုလဲမြို့နယ်တွင် ၄၅၃၁ ဧက စုစုပေါင်း ပူးစားပြောင်း ၂၀၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပူးစားပြောင်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောလ်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၃၆၅ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက တဲကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၈ ဦးကို ငွေကျပ် ၄၃ ဒသမ ၃၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၇ ဒသမ ၈၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၁၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် ပျိုးခင်းကုန်းကျေးရွာအုပ်စု ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းများရေရှည်တည်တံ့ရေး ဆွေးနွေးမှာကြားခဲ့သည်။

စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ယခု ပထမနှစ်စက်ဝန်းတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးတောင်သူ ၈၄ ဦး၏ စိုက်ပျိုးဧက ၈၁ ဒသမ ၆ ဧကတို့တွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ စားသုံးဆီ လုံလောက်စွာ ရရှိနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**



# ချမ်းအေးလွန်းလှတဲ့ ဟေမန္တရဲ့ တပို့တွဲလ ဝိသေသထူးများ

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ကုံရာသီထဲ၊ တပို့တွဲကို၊ ပေါက်လဲပွင့်စ ကြယ်မာဃကို၊ ရွှေလဘုံနန်း၊ ယှဉ်ပြိုင်သန်း၍၊ ချမ်းမကုန်သေး၊ နှောင်းချည်ကွေးသည်။ ။ အေးမြဟေမန်ကြူးတော့သည်"**

(ရဝေရှင်ထွေး၏ရတု)

**"နံ့ဖြေယော်ပင်း၊ ထုံရေယော်သင်းသည်၊ မိုးကြွင်းလေကျန်၊ တည်ည်နှင့်၊ ပတ်သံအတာ၊ သည်အခါဝယ်၊ ပွဲယာဂလှူ၊ ပြည်လုံးပဲဆူတော့တယ်၊ ထုံကြည်တဲ့ ဇွဲဘုံမှာ၊ ထပ်ဆယ်ဖြူလှုံ့ရင်ဝေးသူတို့၊ အေးစိမ့်လေချည်"**

(ဦးဖြေ၏ တပို့တွဲလဖွဲ့ လေးချိုး)

**"ကုံရာသီဆီးနှင်းတွေကျလိုက်ပါဘိ၊ မီးထင်းမနေရ၊ အရိုးပြုတ်မတတ်ချမ်းတာကြောင့်၊ မိုးကုတ်ရှမ်းရွာထက်၊ နောက်နစ်ကဲသာလောက်အောင်"**

(ရှေးစာဆိုတစ်ဦး၏ဆိုင်းဆင့်)

ဥတုသုံးပါးရှိရာ ဂိမှာနဥတု(နွေ) တပို့တွဲလဆုတ် ၁၀ ရက်မှ ဦးတန်ခူးလဆန်း ၁၂ ရက်ထိ၊ ဝဿာနဥတု (မိုး) နယုန်လဆန်း ၅ ရက်မှ သီတင်းကျွတ်လဆုတ် ၁၁ ရက်ထိ၊ ဟေမန္တဥတု(ဆောင်း) သီတင်းကျွတ်လဆုတ် ၁၁ ရက်မှ တပို့တွဲလဆုတ် ၁၁ ရက်ထိဖြစ်သည်။

ဥတုသုံးပါးတွင် တစ်ပါးစီမှာ ရတုနှစ်ပါးရှိသည်။ ဟေမန္တဥတုတွင် ရတုနှစ်ပါးရှိရာ ဟေမန္တရတု=သီတင်းကျွတ်လဆုတ် ၁၁ ရက်မှ နတ်တော်လဆုတ် ၁၁ ရက်ထိ၊ သိသိရရတု=နတ်တော်လဆုတ် ၁၂ ရက်မှ တပို့တွဲလဆုတ် ၁၁ ရက်ထိဖြစ်သည်။

ထို့ကြောင့် ဟေမန္တဆောင်းဥတု၏ နောက်ဆုံးလ၊ ရတုခြောက်ပါးအနက် ပဥ္စမရတု **သိသိရရတု**၏နောက်ဆုံးလ(တပို့တွဲလ)သည် ဆောင်းရတုထဲတွင် အချမ်းဆုံး၊ အအေးဆုံးလဖြစ်ကြောင်း ရှေးစာဆိုတော်ကြီးများက စာပန်းချီမျိုးစုံဖြင့် ခြယ်သမှတ်တမ်းပြုထားခဲ့ကြသည်။

**စာဆိုတော်နဝဒေးကြီး**က "ရွှေလဘုံနန်း၊ ယှဉ်ပြိုင်သန်း၍၊ ချမ်းမကုန်သေး၊ နှောင်းချည်းကွေးသည်၊ မြေ-ဟေမန်ကြူးတော့သည်"ဟု ပိုဒ်စုံရတုရေးဖွဲ့ခဲ့သလို **စာဆိုတော်ဦးကြော့**ကလည်း "တွဲတပို့ခွဲလို့ဆင်သည်၊ သည်းရွှေဘဝင်တုန်ဆတ်လို့၊ ကုံမှတ်ဖွယ်ရာသီနဂိုရ်၊ နှင်းတွဲစိုစိုလင်းတဲ့ပ၊ ညပဟိုရ်ငယ်၊ မြမြကိုယ်-အေးပါပေ့လေး"ဟု တေးထပ်ရေးဖွဲ့ခဲ့ရသော တပို့တွဲလသည် ဆီးနှင်းများဖြိုင်ဖြိုင်ကျပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် အဆီများခန်းခြောက်တတ်သည့် လရာသီဟုလည်း ဆိုကြသည်။

ထို့ကြောင့် ထိုလရာသီတွင် ချင်း၊ နှမ်း၊ နှမ်းဆီ၊ အုန်းသီး စသည့်အပူကန်ပွင့်စေတတ်သော အာဟာရများနှင့် ကောက်ညှင်းတွဲဖက်ထားသော ထမနဲ(ထမင်းနဲ)များထိုး၍ လှူဒါန်းစားသုံးလေ့ရှိခဲ့ကြသည်။

"ပေါက်လဲရယ်တဲ့ ပွင့်စီစီ၊ ဝတ်ပန်းသူရာရေကြောင့်၊ ဆက်ရက်တွေ သံစုံကြူးကြတယ်၊ မြူးတဲ့ရာသီ"ဟု **ဆရာကြီး ဦးပြုံးချို**က လေးဆစ်သဖြန်ရေးဖွဲ့ခဲ့သော တပို့တွဲလသည် မြန်မာ့ ၁၂ လတွင် ၁၁ လမြောက်ဖြစ်သည်။ ဤလသည် ရက်မစုံ ၁၄ ရက် လကွယ်သောကြောင့် ရက်ပေါင်း ၂၉ ရက်သာရှိသည်။ နံနက် ၆ နာရီ မိနစ် ၂၀ တွင် နေထွက်ပြီး ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်သောကြောင့် နေ့တာတိုပြီး ညတာရှည်ကာ ချမ်းအေးမှုဒဏ်ကို အခြားလများထက်ပိုမို၍ ခံစားကြရသည်။

ထို့ကြောင့် **"မာတင်ပြောင်အစွယ်၊ နူးအောင်ပ၊ ထူးတဲ့အစိမ့်"**ဟု ဆင်ပြောင်ကြီး၏ အစွယ်ပင်နူးလောက်အောင် ချမ်းစိမ့်လှကြောင်း ဖွဲ့ဆိုထားသည်။ **နာရည်ယိုရှဲတပို့တွဲ**ဟုလည်း အေးစိမ့်မှု သင်္ကေတကို မှတ်တမ်းပြုထားသည်။

ထို့ပြင် **"ရာသီမာဃ၊ သည်ကာလကို၊ ချမ်းမြတုန်အေး၊ မြောက်လေသွေး၍၊ ဇက်ထွေးမလုံ၊ ဖော်မရုံသည်၊ ရွှေပုံရပ်ဟန်ကဲ့သို့လေး"**ဟုလည်း ဖော်ကွာဝေးသူတို့ ပူဆွေးဖွယ်လွမ်းချင်းအဖြစ် **စာဆိုတော်ဦးယာ**က ရေးဖွဲ့ခဲ့သည်။

တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် **တပိုဝ်**

**❖ ထမနဲပွဲတော်များကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် အဆီခန်းခြောက်ကြလေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်သည့်အပူစာ ထမနဲ(ထမင်းနဲ)ကို စားသုံးကြပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်ကြောင်း၊ မိုးဦးကျတွင်ဖြစ်လေ့ဖြစ်ထရှိသော ဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ ပထဝီပျက်သူများ ထမနဲ(ထမင်းနဲ)စားသုံးသင့်ကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ အစာလည်းဆေး၊ ဆေးလည်းအစာ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ❖**

**တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့် တပို့ဝ်တွယ်** ဟူ၍ အမျိုးမျိုးကမ္ပည်းရေးထိုးခဲ့ကြသည်။ **တပိုမှ ထဖို** ဖြစ်၍ ထန်းဖိုပင်ဟုဆိုလိုဟန်ရှိသည်။ **တွဲ**မှာ တွဲလျားကျသည်။ တွဲစေသည်။ **တ=ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ တွဲ=အောက်သို့ကိုင်းညွတ်ဆွဲနိုင်အောင် တွဲကျနေသည်။** ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များ၊ အောက်သို့ ညွတ်ကိုင်းတွဲလျကျနေသောကာလ၊ ထန်းရည်နှင်းသောလဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြသည်။

**"ထန်းရည်နှင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာကာနှင့် ရော်ရွက်ဝါတမာန၊ လွမ်းသူ့ပုံ"** ဟူ၍လည်း စာဆိုတော် ဦးကြင်ဥက စပ်ဆိုခဲ့ရာ ထိုလတွင် ထန်းသမားတို့သည် ထန်းရည်ခံယူကြရန် ထန်းဖြင်ကြရသည်။ ထန်းရည်ခံယူကြပြီး သကာရည်နှင့် ထန်းလျက်ထုတ်လုပ်ကြလေ့ရှိသည်။

ထို့ပြင် တပို့တွဲလတွင် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်များမှ အနားယူကြချိန်ဖြစ်သဖြင့် အလှူမင်္ဂလာပွဲများ ကျင်းပကြလေ့ရှိသည်။ ဤသည်ကို အကြောင်းပြုကာ **တပို့** = ထမ်းပိုး၊ **တွဲ** = ချိတ်ဆွဲထားခြင်း။ လယ်ယာသုံးကိရိယာထမ်းပိုးများကို ချိတ်ဆွဲသိမ်းဆည်းထားကြသည့်အခါ ကာလမို့ **တပို့တွဲလ**ဟုလည်း ပြောစမှတ်ပြုခဲ့ကြသည်။

**"တပို့တွဲ၊ ပေါက်-လဲ-ရယ်တဲ့ ငုံစီစီ"**ဟု စာပန်းချီခြယ်သခဲ့ရသော တပို့တွဲလရာသီအမည်က **ကုံ၊** စန်းပြည့်နက္ခတ်က **မာဃ၊** ယှဉ်တာရာက **ရှိန်တာရာ၊** ရာသီရုပ်က **အိုးထမ်းယောက်ျား၊** ရာသီပန်းက **ပေါက်၊ လဲ၊** ရာသီပွဲက **မီးဖုန်းပွဲ၊ ထမနဲပွဲ၊** လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **သော်ကပင်၊** ရက်ရာဇာက **အင်္ဂါ၊ ကြာသပတေး၊** ပြဿဒါးက **တနင်္ဂနွေ၊ တနင်္လာ** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

တပို့တွဲလ၏ ထူးခြားသောဝိသေသများမှာ **ထမနဲပွဲ၊ မီးဖုန်းပွဲတော်နှင့် ဩဝါဒပါတိမောက်အစါတော်နေ့**များဖြစ်ကြသည်။

**ထမနဲပွဲ(နှမ်းမနဲပွဲ)**

**"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းဖြေ။**
**ပေါက်-လဲ-ပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂပွဲ"**

**(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)**

ပါဠိလို **ယာဂ**ကို **ထမနဲ**ဟုဆိုသူကဆိုသလို ဆန်ပြုတ်ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဆိုကြစေကာမူ ပေါ်ဦးပေါ်ဖျား ကောက်ညှင်းဆန်ဖြင့် ထမနဲထိုး၍ ကျွေးမွေးလှူဒါန်းကြသဖြင့် **ကောက်ဦး၊ နှမ်းဦး၊ ဒါနထူး** အလှူဒါနအဖြစ် ခံယူထားကြသည်။

ထမနဲပွဲတော်များကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် အဆီခန်းခြောက်ကြလေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်သည့်အပူစာ ထမနဲ(ထမင်းနဲ)ကို စားသုံးကြပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်ကြောင်း၊ မိုးဦးကျတွင် ဖြစ်လေ့ဖြစ်ထရှိသော ဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ ပထဝီပျက်သူများ ထမနဲ(ထမင်းနဲ)စားသုံးသင့်ကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ အစာလည်းဆေး၊ ဆေးလည်းအစာ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။

တပို့တွဲလပြည့်နေ့တွင် ထမနဲဆွမ်း ဆက်ကပ်လှူဒါန်းကြခြင်းနှင့်ပတ်သက်၍ ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးက အမေးတော်ရှိခဲ့ရာ **ဇလေ ဦးပုည**က **ဆွမ်းတော်ကြီးကပ် လျှောက်ထားစာတမ်း**ဖြင့် ဆက်သွင်းဖြေကြားခဲ့သကဲ့သို့ သမားတော်၊ သွေးဆေးတော်ဆက် တောင်သာဆေးဂိုဏ်းဝင် **မြင်းခြံဆရာသွဲ့**ကလည်း "တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံး အအေးများလွန်းသဖြင့် အပူအအေးမမျှဖြစ်နေလေရာ ဆောင်းရာသီကုန်လု၊ နွေဥတုရာသီမကူးမီ၊ ဓာတ်ကြီးလေးပါး ညီညွတ်မျှတအောင် ဆေးဝါးဓာတ်စာအဖြစ် ဆရာသမားတော်ကြီးများက နှမ်းမနဲ(ထမနဲ)ကို စီမံစားသောက်စေခဲ့ပါကြောင်း" လျှောက်ထားတင်ပြခဲ့ရာ ဆုတော်လာဘ်တော်များ ချီးမြှင့်ခဲ့သည်။

ထို့ပြင် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဝိုင်အမ်ဘီအေအသင်းကြီးသည် ရှေးရိုးရာအစဉ်အလာမပျက်စေရေးနှင့် သွေးစည်းညီညွတ်ရေးကို ရှေးရှု၍ ထမနဲပွဲကို နှစ်စဉ်ကျင်းပခဲ့သည်။ အသင်းကြီး၏ (၁၃)ကြိမ်မြောက် ထမနဲပွဲတွင် **မြင်းခြံဆရာသွဲ့**က ထမနဲ(နှမ်းမနဲ)ထိုးနည်းလင်္ကာကို စပ်ဆိုပေးခဲ့သည်။

**"တပို့တွဲ၊ ထမနဲ၊ ယာဂထိုးရန်ဖို၊ ဓာချိုးလို့မှာခဲ့မယ်။**
**တစ်စိတ်ဆို ဆန်ကောက်ညှင်းကိုလ တစ်ပိသာ ဆီကိုသွင်းပါလို့၊ ဂျင်း(ချင်း)က သုံးဆယ်။**
**မြေပဲဖြူလေ့ာ်တစ်ကွက်ကယ်နဲ့ အုန်းသီးဆန် ထို့တူဖက်ပါလို့ နှမ်းမပျက် ဤနည်းနယ် ရေစင်ကြယ်ထည့်ရိုး။**
**လက်နှစ်သစ်သာပ၊ တွက်ဇော်ကာ၊ တစ်ဆယ် ဆားရယ်နဲ့ နောက်နောင်ကို လူအများတို့ရယ် (ကွယ်)အားသစ်လို့ထိုး။ ။"**

ကောက်ညှင်းထဲတွင် နှမ်း၊ ဆီ(နှမ်းဆီအပါအဝင်)၊ အုန်းသီး၊ မြေပဲ၊ ချင်း စသည်တို့ဖြင့် သူ့အချိုးအဆနှင့်အညီ ပေါင်းစပ်ထည့်ထားသော ကောက်ညှင်းထမင်းအိုး၊ ဒယ်အိုးကြီးထဲကို ထပ်ပြန်တလဲလဲ ပတ်စာများနဲ့သည့်အလား၊ ထမနဲထိုးသူ နှစ်ယောက်ကယောက်မကြီးနှစ်လက်ဖြင့် ပွတ်ခြေနဲ့ရဘိအလား နဲ့ကြရသည်။ နဲ့ကြရသောကြောင့် ထမင်းနဲ့(**ထမနဲ**)ဟုမှည့်ခေါ်ထားခြင်းဖြစ်သည်။ အချို့အရပ်တွင် နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကိုအကြောင်းပြုပြီး **နှမ်းမနဲ**ဟုလည်း ခေါ်ဆိုကြသည်။

ကောက်ဦး၊ နှမ်းဦး၊ ဒါနထူးအဖြစ် လှူဒါန်းခဲ့ကြသော ချိုဆိမ့်မွှေး ထမနဲ(နှမ်းမနဲ)ပွဲများကား ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့ထိ အသွင်အမျိုးမျိုးဖြင့် ရပ်တည်နေသည်မှာ ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းကျောင်းရာရောက်သဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်နေအပ်လှသည်။

**မီးဖုန်းပွဲတော်**

**ပူဇော်မီးဖုန်း၊ ရှင်ပြူးရဲလျှံ**ဟူ၍ စာဆိုတို့ ဖွဲ့ဆိုခဲ့ကြရသည့် မီးကုသိုလ်အလှူဖြစ်သည်။ ပါဠိလို **အဂ္ဂိရကပလ္လ**ကို **"မီးအိုးကင်း၊ မီးမယ်ဖျူး"**ဟု ပြန်ဆိုခဲ့ကြသဖြင့် **မုဂံမင်စာ** တွင် **မီးဖုန်း** ဟု ပြန်ဆိုထားကြသည်။

**ရွှေယုဂန်နန်းညီမြကာ၊ ခန်းစီဇေလျံလှု၊ ချမ်းဆိုသမျှ၊ ဓံမတူသည်၊ သယမ္ဘူသော်မှ မီးမယ်ဖျူး၊ ရွှေလက်ကင်သည်၊ ရေစက်သွင် အေးတဲ့သည်လ"**ဟု စာဆိုတော်ဦးကြော့က တေးထပ်ဖွဲ့ဆိုထားသည့်နှယ် တပို့တွဲလ၏ အအေးဓာတ်လွန်ကဲမှုကြောင့် မြတ်စွာဘုရားရှင်ကိုယ်တိုင် မီးလင်းဖို(မီးမယ်ဖျူး)တွင် ရွှေလက်တော်များကင်၍ အနွေးဓာတ်ကိုရယူခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

မြတ်ဗုဒ္ဓသည် တိတ္ထိတို့ မီးလှုံသကဲ့သို့ မီးလှုံခြင်းကို ခွင့်မပြုခဲ့သော်လည်း ဆောင်းနှောင်းနွေကူး တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလဆန်း လေးရက်၊ ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း **အဋ္ဌရဂ္ဂကေ**ဟူ၍ အဋ္ဌကထာဆရာတို့က ဖွင့်ဆိုထားသည်။

ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ စာ-၅၄၄ တွင် "တပို့တွဲလ၊ ပန္နရာသီ၊ တီတီထွန်းစည်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော၊ အတ္တာဒန္တ၊ ပြောင်မှန်၊ ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူထွတ်ထား မြတ်ဘုရားကိုယ်တော်တိုင်ပင် မီးရှိန်ခံတော်မူသည်ကို ရည်စူးပြီးလျှင် မီးဖုန်းတော်များကို လှူဒါန်းပူဇော်ခဲ့သည်"ဟု ဖော်ပြထားသည်။

ထို့ပြင် ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ (၅)တွင် "တပို့တွဲလပြည့်နေ့ ညဥ့် နှစ်ချက်တီးအကျော် (လပြည့်ကျော် ၁ရက်အဝင်)တွင် မြတ်စွာဘုရားရှင်ကို အချမ်းမှသက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်တော်(နှစ်ထပ်သင်္ကန်း)တင်လှမ်း(ထပ်ခြုံ)ပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကိုရည်စူး၍ လှူဒါန်းကြခြင်းဖြစ်သည်" ဟူ၍လည်း အထောက်အထားပြဆိုထားသည်။

ထို့ကြောင့် မီးဖုန်းပွဲတော်ဆိုသည်မှာ တချို့က မီးပုံပွဲဟုခေါ်ကြသည့် **မီးကုသိုလ်ပွဲ၊ မီးအလှူပွဲ** ပင်ဖြစ်သည်။ အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုတော်များရှေ့၌ ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍ လှုံကြရန် နံ့သာထင်း၊ မီးမယ်ဖျူး(မီးလင်းဖို၊ မီးအိုးကင်း)စသည်တို့ကို လှူဒါန်းကြသည့်ပွဲပင်ဖြစ်သည်။

အထက်အညာဒေသနှင့် ဘုန်းတော်ကြီးကျောင်းများတွင် မီးဖုန်း(မီးပုံ)ပွဲတော်အတွက် သနပ်ခါးစသောအမွှေးနံ့သာထင်းများဖြင့် ပူဇော်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် နံ့သာထင်းများရှားပါးသွားသောကြောင့် မီးဖုန်းပွဲအလှူတော်အရှိန် လျော့နည်းကျဆင်းလာခဲ့သည်။ သို့သော် အလှူရေစက်လက်နှင့် မကွာကြသူများမှ အခြားသင့်လျော်ရာနည်းလမ်းများဖြင့်သာ မီးအလှူတော်ကို လှူဒါန်းနေကြသည်။

**ဩဝါဒပါတိမောက်အစါတော်နေ့**

**"တပို့တွဲမူ၊ မဖွဲ့မိုးလေ၊ သုံးလူ့ဆွေလျှင်၊ လေးထွေအင်္ဂါ၊ ကြိုက်ကြုံအဟုတ်၊ ပါတိမုတ်ကို၊ ဖော်ထုတ်**

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ရောဝတီတိုင်းဒေသကြီးမှ ငါးရံ့ခြောက်များ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေ

**မအူပင် ဇန်နဝါရီ ၂၆**

ရောဝတီတိုင်းဒေသကြီးမှ ဒေသထွက် ငါးရံ့ခြောက်များဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့မှ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးတွင် ဇန်နဝါရီလသည် ဒေသထွက် ငါးရံ့ခြောက်များထွက်ရှိနေသည့် အချိန်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၄၂၀၀၀ ထိသာ ဈေးရှိခဲ့ပြီး လက်ရှိ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ မှ ၆၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်တိုင်းဒေသကြီးဈေးကွက်က ဝယ်လိုအား ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတယ်။ ဒါကလဲ ရောဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်ကို ရန်ကုန်က တစ်ဆင့် ပြည်ပဈေးကွက်တွေကို တင်ပို့ရောင်းချနေတာကြောင့်ပါ။ ဒါ့ပြင် အရင်လထက်လဲ ဈေးကောင်းလာတယ်။ လက်ရှိ တစ်ပိဿာကို ငွေကျပ် ၆၅၀၀၀ ထိ ဈေးတက်လာပါတယ်။ ဒီလိုဈေးလဲကောင်း၊ အရောင်းအဝယ်လဲ သွက်လက်လာတာကြောင့် ကုန်သည်တွေ၊ ငါးရံ့ရှာဖွေသူတွေ၊ ငါးရံ့ခြောက်ထုတ်လုပ်ရာမှာ ပါဝင်တဲ့ လုပ်သားတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု မအူပင်မြို့မှ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်ဒေါ်တင်တင်ညိုက ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးတွင် ငါးရံ့ခြောက်လုပ်ငန်းကို မအူပင်၊ ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ပန်းတနော်၊ ညောင်တုန်း၊ ဖျာပုံ စသည့်မြို့နယ်တို့တွင် လုပ်ကိုင်ကြပြီး လက်ရှိတွင် ရန်ကုန်မြို့သို့ တစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာချိန် ၇၀ မှ ၁၇၀ ထိတင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မှတစ်ဆင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ စသည့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# တို့ချစ်သောပြည် အေးချမ်းသည်

- အပြင်မှာ လန်းမွှေးနေတဲ့
  သဇင်ညှာ ပန်းကလေးတွေက
  နန်းအသွေး တည်ဖွဲ့နေ။

- ထိန်းကြိုးမပါ
  ယိမ်းထိုးလာ မြောက်လေရူးမှာဖြင့်
  နှောက်မွှေလူး ခုန်အပျံနဲ့
  စုန်ဆန်ကာ ခေါင်းတိုးဝှေ့
  နှင်းငွေ့ရှာဖွေ။

- ကဗျာ ပန်းချီ အသွေးသန့်တော့
  မြန်မာပြည် မွေးရန့်ရယ်က
  ပေးဖြန့်ခဲ့ မေတ္တာတွေ
  နုဖြာဝေ ရွှန်းလဲ့"ပန်း"။

- အခါမင်းလွင်
  ဘယာကင်းစင် ကိုယ်ရည်လှပါဘိ
  ဖြာနှင်းသခင် ချိုကြည်မြရယ်နဲ့
  (တို့ချစ်သော. . .)
  ပြည်က အေးချမ်း။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# တောင်တွင်းကြီးမြို့နယ် ကွဲဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲဖြူကန်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကွဲဖြူကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွဲဖြူကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သတ္တမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၅ ဦးအတွက် ငွေကျပ် ၄၂ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၃ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် သုည ဒသမ ၉၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကွဲဖြူကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နှံ့ယဉ်**

➤ စာမျက်နှာ ၄ မှအဆက်

**ခိစခ်၊ ပြမ်ပြစ်၍"**

**(ဦးအောင်ကြီးဖွဲ့ -လူးတား)**

**"ချမ်းချက်လွန်ကဲ၊ တပို့တွဲဟု၊ မြူရဲ့ရောင်ပ၊ ပြည့်သည့်လဝယ်၊ ပွဲမအဖုံ၊ လုံးရုံသံဃာ၊ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်ပြ"**

**(ရှင်မဟာရဋ္ဌသာရ ကိုးခန်းပျို့)**

မြတ်ဗုဒ္ဓသည် **ဩဝါဒပါတိမောက်ဒေသနာတော်** ကို ဘုရားဖြစ်ပြီးကိုးလပြည့်သော သာသနာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့၌ တိုတိုကျဉ်းကျဉ်းလိုရင်းကိုသာ ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ ထိ ဝိနည်းသိက္ခာတော်များကို သီးခြားပညတ်တော်မမူခဲ့ဘဲ ဤဩဝါဒတော်ဖြင့်သာလျှင် ရဟန်းသံဃာတော်များကို ယဉ်ကျေးလိမ္မာစေခဲ့သည်။

သာသနာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့် ညဥ့်ဦးယံအခါတွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန်နှင့် အရိယာရဟန္တာမြတ်တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ခြံရံကာ ဥရုဝေလကဿပ စသည့် ရသေ့ညီနောင် ရှင်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များစုံလင်စွာခစားဝပ်တွားနေကြစဉ် ပထမဆုံးအချိန် ဟောကြားတော်မူခြင်းဖြစ်သည်။

တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ ဆဠာဘိညရဟန္တာဖြစ်ခြင်း၊ ပဋိသမ္ဘိဒါပတ္တရဟန္တာများဖြစ်ခြင်း၊ မည်သူမျှပင့်ဖိတ်သူမရှိဘဲ အစုံအလင်ကြွရောက်စုဝေးခြင်းဟူသော လေးပါးသော အင်္ဂါရပ်များနှင့် ပြည့်စုံနေသောကြောင့် ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ်ထဲမှာ ဓမ္မတာတစ်ရပ်ဖြစ်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ လုံးကို ခြုံငုံမိသော **ဩဝါဒပါတိမောက်ဒေသနာတော်**၏ လိုရင်းအနှစ်ချုပ်အဆုံးအမမှာ-

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | = | မကောင်းမှုကို မပြုကြပါနှင့် (သီလ-ဝိနည်း) |
| ကုသလဿ ဥပသမ္ပဒါ | = | ကောင်းမှုကိုသာ ဆည်းပူးပါ (သမာဓိ-သုတ္တန်) |
| သစိတ္တ ပရိယောဒပနံ | = | ဖြောင့်မတ် ဖြူစင်သောစိတ်ထားကြပါ(ပညာ-အဘိဓမ္မာ) |
| ဧတံ ဗုဒ္ဓါနသာသနံ | = | ဤသည်ပင်လျှင် ဘုရားရှင်တို့၏ အဆုံးအမတည်း။ |

ဆိုလိုရင်းမှာ သီလ၊ သမာဓိနှင့်ပညာ၊ သာသနာသုံးရပ်(သို့မဟုတ်) ဝိနည်း၊ သုတ္တန်နှင့် ပညာဟူသော ပိဋကသုံးပုံလုံးပါဝင်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို **ဗုဒ္ဓလမ်းစဉ် အခြေခံမူဝါဒ**ဟူ၍ ဆိုမိန့်ခဲ့ကြသည်။ ရဟန်းသံဃာတော်များကို ဟောကြားဆုံးမခဲ့သော တရားတော်ဖြစ်သော်လည်း လူဒါယကာ၊ ဒါယိကာမများလည်း နာခံလိုက်နာကျင့်သုံးအပ်သည့် အဆုံးအမဩဝါဒတရားတော်ဖြစ်သည်။

တပို့တွဲလ၏ ရိုးရာဓလေ့နှင့် ပျော်မွေ့ဖွယ်ကုသိုလ်ပွဲတော်များကား ထူးခြားမွန်မြတ်လှပါပေသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိရေးအတွက် အဓိကသော့ချက်ဖြစ်သော **ပြည်ထောင်စုနေ့** သည်လည်း တပို့တွဲလထဲမှာ ပါဝင်နေသဖြင့် ပို၍ ထူးကဲမွန်မြတ်နေပါတော့သည်။

**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီဘွဲ့ ပေါင်းချုပ်**
- **ဝိသုဇ္ဇက(ပဲခူး)၏မြန်မာ့ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျဉ်း၍**

## နိုင်ငံတကာ သတင်းများ

# အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲအခမ်းအနား နယူးဒေလီမြို့၌ကျင်းပ



**ဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏အမျိုးသားနေ့ စစ်ရေးပြချီတက်ပွဲအခမ်းအနားကို ယနေ့တွင် နယူးဒေလီမြို့၌ ကျင်းပခဲ့ရာ လူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲ အခမ်းအနားသို့ အီဂျစ်သမ္မတ အယ်လ်စီစီသည် အထူးဧည့်သည်အဖြစ် အိန္ဒိယသမ္မတ ဒရူပါဒီမာမူး၊ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့နှင့်အတူ တက်ရောက်ခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ၏အမျိုးသားနေ့ စစ်ရေးပြချီတက်ပွဲအခမ်းအနား၌ အိန္ဒိယနိုင်ငံသည် ၎င်း၏ကာကွယ်ရေးအင်အားနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ခမ်းနားကြီးကျယ်စွာ ပြသခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ၏အမျိုးသားနေ့ စစ်ရေးပြချီတက်ပွဲအခမ်းအနားမှာ မိနစ် ၉၀ ကြာမြင့်ခဲ့ပြီး အိန္ဒိယလေတပ်စစ်လေယာဉ် ၇၅ စင်း ဖြတ်ကျော်ပျံသန်းမှုဖြင့်ပြီးဆုံးခဲ့သည်။

အိန္ဒိယနိုင်ငံသည် အစဉ်အလာအားဖြင့် သမ္မတနိုင်ငံနေ့ စစ်ရေးပြချီတက်ပွဲသို့ တက်ရောက်ရေးအတွက် ပြည်ပခေါင်းဆောင်များကို ဖိတ်ကြားလေ့ရှိသည်။

ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး သုံးနှစ်ကြာ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၂၆ ရက်တွင် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ကျင့်သုံးမှု အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံက အမျိုးသားနေ့စစ်ရေးပြချီတက်ပွဲများကို နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၄) နှစ်ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

KKO

# သီရိလင်္ကာနိုင်ငံ၏ကြွေးမြီပေးဆပ်ရမည့်အချိန်ကို တရုတ်ပို့ကုန်သွင်းကုန်ဘဏ်က နှစ်နှစ် ဆိုင်းငံ့ပေး

**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ် ပို့ကုန်သွင်းကုန်ဘဏ်က သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီများ ပြန်လည်ပေးဆပ်ရမည့် အချိန်ကာလသက်တမ်းအား ထပ်တိုးပေးထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ် ပို့ကုန်သွင်းကုန်ဘဏ်အနေဖြင့် သီရိလင်္ကာနိုင်ငံပြန်လည်ပေးဆပ်ရမည့် ကြွေးမြီများအတွက် ပေးဆပ်ရမည့်အချိန်ကို နှစ်နှစ်ဆိုင်းငံ့ပေးထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုကြေညာထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရယူနိုင်ရေးအတွက်လည်း တရုတ်ပို့ကုန်သွင်းကုန်ဘဏ်က ထောက်ခံချက်ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

အလားတူ အိန္ဒိယနိုင်ငံကလည်း အိုင်အမ်အက်ဖ်ဘဏ္ဍာရေးအကူအညီများ သီရိလင်္ကာရယူနိုင်ရေးအတွက် ယခုလအစောပိုင်းက အိုင်အမ်အက်ဖ်ထံ ထောက်ခံချက်ပေးထားပြီးဖြစ်သည်။

ဒေသတွင်း ပြိုင်ဘက်နိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် သီရိလင်္ကာနိုင်ငံ၏အကြီးဆုံး တစ်ဦးချင်း မြီရှင်နိုင်ငံများဖြစ်သည်။

လူဦးရေ ၂၂ သန်းရှိသည့် သီရိလင်္ကာနိုင်ငံသည် လက်ရှိအချိန်တွင် နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# ခါဆန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် တူရကီသင်္ဘောတစ်စီး ဒုံးကျည်ထိမှန်

**လန်ဒန် ဇန်နဝါရီ ၂၆**

ယူကရိန်းနိုင်ငံ တောင်ပိုင်း ခါဆန်မြို့ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော တူရကီကုန်တင်သင်္ဘောတစ်စီးကို ဒုံးကျည်တစ်စင်းထိမှန်ခဲ့ရာ သင်္ဘောပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ဗြိတိန်အခြေစိုက် အမ်ဘရေးရေကြောင်းလုံခြုံရေး ကုမ္ပဏီ၏ အဆိုအရ ဒုံးကျည်ထိမှန်ခဲ့သော ကုန်တင်သင်္ဘောမှာ တူဇလာအမည်ရှိ တူရကီကုန်တင်သင်္ဘောဖြစ်ကြောင်း သိရသည်။

တူဇလာကုန်တင်သင်္ဘောအား ဒုံးကျည်ထိမှန်သည့်နေ့မှာ ဇန်နဝါရီ ၂၄ ရက်ဖြစ်ကြောင်း အမ်ဘရေးရေကြောင်း လုံခြုံရေးကုမ္ပဏီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တူဇလာကုန်တင်သင်္ဘောသည် ခါဆန်ဆိပ်ကမ်း၌ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ပိတ်မိခဲ့သော သင်္ဘောဖြစ်သည်။

ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ယူကရိန်းနိုင်ငံကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ခါဆန်ဆိပ်ကမ်းအပါအဝင် ယူကရိန်းဆိပ်ကမ်းများ၌ တူရကီသင်္ဘော ၁၂ စီးထိ ပိတ်မိနေခဲ့သည်။

အဆိုပါသင်္ဘောများမှာ ကုလသမဂ္ဂကြားဝင်ညှိနှိုင်းမှုဖြင့် ရုရှားနှင့်ယူကရိန်းတို့ကြား ရယူထားသည့် ပင်လယ်နက် ကောက်ပဲသီးနှံတင်ပို့ရေးဆိုင်ရာ သဘောတူညီချက်၌ အကျုံးမဝင်မှုကြောင့် ယူကရိန်းဆိပ်ကမ်းများတွင် ဆိုက်ကပ်ထားရခြင်းဖြစ်ကြောင်း သိရသည်။ KKO



# ယူကရိန်းသို့ တင့်ကားများပို့မည့် အမေရိကန်အစိုးရ၏အစီအစဉ်ကို ရုရှားအစိုးရ သတိပေး

**မော်စကို ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံက ယူကရိန်းအတွက်ပေးပို့မည့် မည်သည့် အေဘရမ်တင့်ကားမျိုးမဆို ယူကရိန်းစစ်မြေပြင်၌ ဖျက်ဆီးခံရလိမ့်မည်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၅ ရက်တွင် သတိပေးလိုက်သည်။

အမ်-၁ အေဘရမ်အမျိုးအစား တိုက်ပွဲဝင် တင့်ကားများကို ယူကရိန်းသို့ ပေးပို့မည့်အစီအစဉ်ကို အမေရိကန်အစိုးရက ကြေညာခဲ့ပြီးနောက် ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်၏ အဆိုပါ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ယူကရိန်းသို့ အေဘရမ်တိုက်ပွဲဝင် တင့်ကားများပေးပို့မှုသည် အမေရိကန်နိုင်ငံအတွက် ငွေဖြုန်းတီးမှု သက်သက်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ဇန်နဝါရီ ၂၅ ရက် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အနေဖြင့် အေဘရမ် တင့်ကားများကြောင့် ယူကရိန်းစစ်ဘက်ရရှိမည့် ရလဒ်များကို အလွန်အကျွံပိုတွက်နေကြောင်း၊ ယူကရိန်းစစ်မြေပြင်၌ အခြားတင့်ကားများကဲ့သို့ပင် အေဘရမ်တင့်ကားများလည်း ပျက်စီးရလိမ့်မည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က သတိပေးခဲ့သည်။

အမေရိကန် နိုင်ငံကဲ့သို့ပင် ဂျာမနီနိုင်ငံကလည်း ယူကရိန်းသို့ တင့်ကားများပေးပို့ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# ပျက်ကျခဲ့သည့် နီပေါခရီးသည်တင်လေယာဉ်ပျံသန်းမှု မှတ်တမ်းတင်ကိရိယာများကို စင်ကာပူနိုင်ငံသို့ ပို့ဆောင်စစ်ဆေးမည်

**စတော့ဟုမ်း ဇန်နဝါရီ ၂၆**

ဇန်နဝါရီ ၁၅ရက်တွင် ပျက်ကျခဲ့သော နီပေါခရီးသည်တင်လေယာဉ်၏ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများ (Black Box) များကို စင်ကာပူနိုင်ငံသို့ ပို့ဆောင်ပြီး အချက်အလက်များ ထုတ်ယူစစ်ဆေးရန် နီပေါတာဝန်ရှိသူများက စီစဉ်ထားကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယီတီအမည်ရှိ နီပေါလေကြောင်းလိုင်းတစ်ခု၏ အေတီအာရ်-၇၂ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ပိုခါရာမြို့၌ ဇန်နဝါရီ ၁၅ ရက်က ပျက်ကျခဲ့ရာ လိုက်ပါသွားသူ ၇၁ ဦးလုံးသေဆုံးခဲ့ရသည်။

လေယာဉ် ပျက်ကျရာနေရာမှ ပြန်လည် ရှာဖွေတွေ့ရှိထားသည့် လေယာဉ်မှူးခန်း အသံမှတ်တမ်းတင်ကိရိယာနှင့် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာတို့ကို စင်ကာပူနိုင်ငံ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဘေးကင်းလုံခြုံမှု စုံစမ်းစစ်ဆေးရေး ဗျူရိုမှကျွမ်းကျင်သူများက စစ်ဆေးပေးမည်ဖြစ်သည်။

နီပေါအစိုးရ စုံစမ်းစစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများအနေဖြင့် အဆိုပါပျံသန်းမှုမှတ်တမ်းတင်ကိရိယာနှစ်ခုနှင့်အတူ ဇန်နဝါရီ ၂၇ ရက်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

နီပေါနိုင်ငံသည် အစောပိုင်းက ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများကို အေတီအာရ်-၇၂ လေယာဉ်များ ထုတ်လုပ်သော ပြင်သစ်နိုင်ငံသို့ ပို့ဆောင်စစ်ဆေးရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် အစီအစဉ်ပြောင်း၍ စင်ကာပူနိုင်ငံသို့ ပို့ဆောင်စစ်ဆေးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်၏ မှတ်တမ်းတင်ကိရိယာနှစ်ခုမှ အချက်အလက်များကို ထုတ်ယူစစ်ဆေးဆန်းစစ်ခြင်းအားဖြင့် လေယာဉ်ပျက်ကျခဲ့ရသည့် အကြောင်းရင်းများကို ဖော်ထုတ်ရာတွင် အထောက်အကူများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းက အမျိုးအမည်မသိအရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ထပ်ဆင့်လွှတ်တင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံ၏ နည်းပညာစမ်းသပ် ဂြိုဟ်တုတစ်စင်းသည် အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ထပ်ဆင့်လွှတ်တင်ခဲ့ကြောင်း အမေရိကန်အာကာသတပ်ဖွဲ့၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံသည် ရှီကျိယန်-၂၃ အမည်ရှိ အဆိုပါဂြိုဟ်တုကို ဇန်နဝါရီ ၈ ရက်က လွှတ်တင်ခဲ့ရာ ဇန်နဝါရီ ၁၅ ရက်တွင် ၎င်းဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက်အမြင့်မိုင် ၂၂၀၀၀ ကျော်၌ရှိသည့် ကမ္ဘာပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့သည်။

ရှီကျိယန်-၂၃ ဂြိုဟ်တုသည် အထက်ဖော်ပြပါ ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့ပြီးနောက် ဇန်နဝါရီ ၁၆ ရက်တွင် အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ပတ်လမ်းပေါ်သို့ ထပ်ဆင့်လွှတ်တင်ခဲ့ကြောင်း အမေရိကန် အာကာသတပ်ဖွဲ့ အမှတ် (၁၈) အာကာသ ကာကွယ်ရေးတပ်ဖွဲ့၏ အချက်အလက်များအရ သိရသည်။

ရှီကျိယန်-၂၃ ဂြိုဟ်တုကလွှတ်တင်ခဲ့သော အရာဝတ္ထုမှာ ဆင့်ပွားဂြိုဟ်တုတစ်စင်း ဖြစ်နိုင်ကြောင်း အမေရိကန် အာကာသတပ်ဖွဲ့က သုံးသပ်ထားသည်။

၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ရှီကျိယန်-၂၁ ဂြိုဟ်တုသည်လည်း ဆင့်ပွားဂြိုဟ်တုငယ်တစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ် လွှတ်တင်ခဲ့ဖူးကြောင်း သိရသည်။

အဆိုပါ ဆင့်ပွားဂြိုဟ်တုများကို မိခင်ဂြိုဟ်တုများနှင့်အတူ ပတ်လမ်းပေါ်၌ စမ်းသပ်မှုများပြုလုပ်ရာတွင် တရုတ်နိုင်ငံက အသုံးပြုခဲ့ပုံရှိကြောင်း သိရသည်။ KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အအေးဓာတ်အပြင်းထန်ဆုံး အာကာသရေခဲများကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အအေးဓာတ်အပြင်းထန်ဆုံး အာကာသရေခဲများကို ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် သန်း ၅၀၀ အကွာ၌တည်ရှိသော ချာမီလီယွန်-၁ အမည်ရှိ မော်လီကျူလာတိမ်တိုက်တစ်ခုကို လေ့လာစဉ် အဆိုပါ အာကာသရေခဲများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသရေခဲများ၏ အအေးဓာတ်မှာ အနုတ် ၄၄၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိရာ သိပ္ပံပညာရှင်များ တွေ့ရှိခဲ့ဖူးသမျှ အာကာသ ရေခဲများအနက် အအေးဓာတ်အပြင်းထန်ဆုံး ရေခဲဖြစ်ခဲ့ရကြောင်း သိရသည်။



ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် ချာမီလီယွန်-၁ မော်လီကျူလာတိမ်တိုက်ကို လေ့လာရာတွင် အအေးမြဲဆုံး အာကာသရေခဲများအပြင် ဇီဝအခြေခံ မော်လီကျူးများကိုလည်း ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ချာမီလီယွန်-၁ ကဲ့သို့ မော်လီကျူလာတိမ်တိုက်များသည် ကြယ်များနှင့် ကျောက်သားဂြိုဟ်များကို မွေးထုတ်ပေးနေသော နေရာများ ဖြစ်ကြသည်။

အထက်ပါ ကြယ်စနစ်နှင့်ဂြိုဟ်စနစ်များ၏ ဓာတုဖွဲ့စည်းပုံများသည် မော်လီကျူလာတိမ်တိုက်အတွင်းရှိ အာကာသရေခဲများ၏ ဓာတုဖွဲ့စည်းပုံအပေါ် မူတည်ကြောင်း သိရသည်။

KKO

## ဘီးစိပ်ကဲ့သို့သွားများရှိနေသော နှုတ်သီးရှည်ပိုင်ဆိုင်ထားသည့် ကမ္ဘာဦးတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဂျာမနီနိုင်ငံ၌ တူးဖော်တွေ့ရှိ

**ဘာလင် ဇန်နဝါရီ ၂၆**

ဘီးစိပ် တစ်ချောင်းသဖွယ် သွားများရှိနေသော နှုတ်သီးရှည်ပိုင်ဆိုင်ထားသည့် မိုးပျံကမ္ဘာဦးတွားသွားသတ္တဝါ တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဂျာမနီနိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

တာရိုဆောရပ်စ်ခေါ် ကမ္ဘာဦး မိုးပျံတွားသွားသတ္တဝါ မျိုးရင်းဝင်ဖြစ်သည့် အဆိုပါကမ္ဘာဦးသတ္တဝါကို Balaenognathus Maeuseri ဟူ၍ ဂျာမနီသိပ္ပံပညာရှင်များ အပါအဝင် နိုင်ငံတကာသိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Balaenognathus Maeuseri များ၌ သွားအချောင်းပေါင်း ၄၈၀ ထိပါဝင်ပြီး ပုစွန်များကို ဖမ်းယူ စားသောက်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ဂျာမနီနိုင်ငံ ဗာဗေးရီးယားပြည်နယ်၌တွေ့ရှိခဲ့သော Balaenognathus Maeuseri ကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်းမှာ နှစ်ပေါင်း ၁၅၂ သန်းထိရှိကြောင်း သိရသည်။

တာရိုဆောရပ်စ်အုပ်စုဝင် ကမ္ဘာဦး မိုးပျံတွားသွားသတ္တဝါများသည် ဒိုင်နိုဆောများ မဟုတ်ကြကြောင်း သိရသည်။

သို့ရာတွင် တာရိုဆောရပ်စ်များသည်လည်း ဒိုင်နိုဆောများ ရှင်သန်ခဲ့ကြရာ ထရိုင်အားဆစ်၊ ဂျူရက်ဆစ်နှင့် ခရီတေးစီးယပ်စ် ဘူမိခေတ်များအတွင်း ရှင်သန်ခဲ့ကြသော ကမ္ဘာဦးသတ္တဝါများ ဖြစ်ကြကြောင်း သိရသည်။

KKO

# HEALTH

## ကင်ဆာရောဂါခံစားနေရသူများက သာမန်လူများထက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်နိုင်ခြေ ပိုမြင့်မားနေနိုင်

**နယူးယောက် ဇန်နဝါရီ ၂၆**

ကင်ဆာရောဂါ ခံစားနေရသူများသည် သာမန်လူများထက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ ၂၆ ရာခိုင်နှုန်း ပိုမြင့်မားနေနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် ကင်ဆာဗေဒအသင်းမှ သုတေသနပညာရှင်များသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၆ ခုနှစ်ကြား ကင်ဆာရောဂါစစ်ဆေးတွေ့ရှိခဲ့ရသည့်လူပေါင်း ၁၆ ဒသမ ၈ သန်းတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ ကင်ဆာရောဂါ လူနာများသည် သာမန်လူများထက်ပို၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ ၂၆ ရာခိုင်နှုန်း ပိုမိုမြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကင်ဆာလူနာများကြား ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေသည် ကင်ဆာ စစ်ဆေးတွေ့ရှိရပြီး ခြောက်လအတွင်း အမြင့်မားဆုံးဖြစ်နေတတ်ပြီး သာမန်လူများထက် ခုနစ်ဆထိ မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကင်ဆာလူနာများ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ မြင့်မားမှုသည် ပထဝီဝင်အနေအထား၊ လူမျိုး၊ စီးပွားရေးအခြေအနေစသည့် နောက်ခံအကြောင်းတရားအများအပြားနှင့်လည်း ဆက်စပ်မှုရှိကြောင်း၊ ထို့ပြင် ကင်ဆာရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီး နှစ်နှစ်အတွင်း မထိရောက်သည့် ကုထုံးများကိုရယူခဲ့ရသော လူနာများနှင့်ရောဂါလက္ခဏာဖိစီးမှုများသူ လူနာများ၌လည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်နိုင်ခြေ မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## အားစိုက်လေ့ကျင့်ခန်းခြောက်မိနစ်ထပ်တိုးလုပ်ခြင်းဖြင့် သက်လတ်ပိုင်းများ၌ ဦးနှောက်စွမ်းရည်မြင့်မားလာနိုင်

**လန်ဒန် ဇန်နဝါရီ ၂၆**

အားစိုက်လုပ်ဆောင်ရသည့် နေ့စဉ်လေ့ကျင့်ခန်းများကို ပုံမှန်ထက် ခြောက်မိနစ်ပို၍ပြုလုပ်ပေးခြင်းဖြင့် သက်လတ်ပိုင်းအရွယ်များ၌ ဦးနှောက်စွမ်းဆောင်ရည် မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ၁၉၇၀ ပြည့်နှစ်အတွင်း မွေးဖွားခဲ့သူ ၈၅၀၀ ကျော်တို့၏ ဘဝတစ်လျှောက် ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အထိုက်အလျောက် အားစိုက်ရသည့် လေ့ကျင့်ခန်းများနှင့် အပြင်းအထန်အားစိုက်ရသော လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် သက်လတ်ပိုင်းအရွယ်များ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ၁ ဒသမ ၂၇ ရာခိုင်နှုန်း မြင့်မားလာတတ်ကြောင်း သိရသည်။

ထို့ပြင် အပြင်းအထန်အားစိုက်ရသည့် ကိုယ်ကာယလေ့ကျင့်မှုများကို နေ့စဉ်ခြောက်မိနစ်အချိန်ထပ်ပေး၍ ပြုလုပ်ပါက သက်လတ်ပိုင်းများ၏ ဦးနှောက်စွမ်းဆောင်ရည် ပို၍ မြင့်မားလာတတ်သည်ကို တွေ့ရကြောင်း၊ အထိုက်အလျောက်အားစိုက်ရသည့် လေ့ကျင့်ခန်းနှင့် အပြင်းအထန် အားစိုက်ရသော လေ့ကျင့်ခန်း နှစ်မျိုးလုံးသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုကိုတားဆီးရာတွင် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

ML

**အမ်ပိုလီ Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တိုရီနို ၁ - ၁ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| တိုရီနို | – | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |

အမ်ပိုလီဟာ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းသုံးပွဲဆက်အနိုင်ရခဲ့သလို ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ အင်တာမီလန်အသင်းကို အနိုင်ရခဲ့ပေမယ့် ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေများနေပါတယ်။ တိုရီနိုအသင်းကလဲ လက်ရှိ နောက်ဆုံးအဝေးကွင်းသုံးပွဲမရှုံးသေးတာကြောင့် အဝေးကွင်းခံစစ်ကစားပုံတည်ငြိမ်နေတာဖြစ်ပါတယ်။ ဒါကြောင့် တိုရီနို အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၁ – ၂ တိုရီနို**

**ခရီမိုနန်စီ Vs အင်တာမီလန်**

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အင်တာမီလန် ၃ – ၁ ခရီမိုနန်စီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ခရီမိုနန်စီ | – | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(သရေ) |
| အင်တာမီလန် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

ခရီမိုနန်စီဟာ အိမ်ကွင်းကစားပုံ ကျဆင်းနေတာကြောင့် အခုရာသီအိမ်ကွင်းနိုင်ပွဲမရသေးပါဘူး။ အင်တာမီလန်ကတော့ပြီးခဲ့တဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရလို့ ချန်ပီယံဆုအတွက် အခုပွဲစဉ်ကို မဖြစ်မနေ အနိုင်ကစားမှာဖြစ်လို့ အင်တာမီလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ခရီမိုနန်စီ ၁ – ၂ အင်တာမီလန်**

## အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲကြိုသုံးသပ်ချက်

ML

**မန်ယူ Vs ရီဒင်း**

**ကစားမည့်ရက်/အချိန် ၂၉-၁-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၂ – ၀ ရီဒင်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | – | ဝေး(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ရီဒင်း | – | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |

နည်းပြ တန်းဟက်လက်ထက် အိမ်ကွင်း ၁၂ ပွဲဆက် ရှုံးပွဲမရှိသေးတဲ့ မန်ယူအသင်းဟာ တိုက်စစ်ကစားပုံကောင်းလာတာကြောင့် အခုပွဲစဉ်ကိုလဲ အနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ ရီဒင်းအသင်းကတော့ ချန်ပီယံရှစ်ကိုပဲ အာရုံစိုက်နေရလို့ အခုပွဲစဉ်ကို လူစုံနဲ့ပွဲထွက်လာရင်တောင် မန်ယူအသင်းကို မယှဉ်နိုင်တာကြောင့် ဂိုးပြတ်မရှုံးဖို့သာ ကစားရမှာပါ။ ဒါကြောင့် မန်ယူအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၀ ရီဒင်း**

## အားကစားသတင်း အတိုအထွာများ

- ရုရှားအားကစားသမားများနှင့် ဘီလာရုစ် အားကစားသမားများအနေဖြင့် အာဆီယံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိမ့်မည်ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။
- မန်စီးတီးအသင်းနှင့် တွေ့ဆုံနေသည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ကွင်းလယ်ကစားသမား အန်နန်နီ ပါဝင်မည်မဟုတ်ကြောင်း နည်းပြအာတီတာက အတည်ပြုပြောကြားခဲ့သည်။
- ဆိုစီဒက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဘာစီလိုနာအသင်း ၂၀၂၀-၂၀၂၁ ဘောလုံးရာသီနောက်ပိုင်း ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့်သို့ ပြန်လည်တက်ရောက်ခဲ့ကြောင်း သိရသည်။ ML

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျိုကိုဗစ် တက်ရောက်




**ကင်ဘာရာ ဇန်နဝါရီ ၂၆**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဗ်နှင့် ဆားဘီးယားတင်းနစ် ကစားသမားဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၁၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း The News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရန်းစလန်း ချန်ပီယံဆုဖလားကို ၂၂ လုံးထိ ရယူနိုင်ရေးပစ်မှတ်ထားနေသည့် ဂျိုကိုဗစ်သည် ရူဘလက်ဗ်နှင့်ပွဲစဉ်တွင် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ကွာတားဖိုင်နယ်အဆင့်မတိုင်မီမှာ ကစားနိုင်ခဲ့တဲ့ ပုံစံတွေနဲ့ပတ်သက်ပြီး အရိုးသားဆုံးဝန်ခံရရင် အားရကျေနပ်စရာလုံးဝမရှိခဲ့ပါဘူး။ အစောပိုင်းအဆင့်တွေမှာ ကစားနိုင်ခဲ့တဲ့ ပုံစံတွေအပေါ်မှာ တကယ်စိတ်ပျက်မိတယ်။ ဒါပေမဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိသလို ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်း ကစားနိုင်ခဲ့တယ်လို့လဲ ခံစားမိတယ်။ ရူဘလက်ဗ်လို ကစားရခက်တဲ့ ကစားသမားတစ်ယောက်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်နဲ့ပတ်သက်ပြီး အစစအရာရာ ကျေနပ်မှုရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားတွမ်မီပေါလ်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။ AZL

## ကာစီဒို၏နေရာတွင် ဟိုက်ဒါရာနှင့် အစားထိုးရန် ဘရိုက်တန်အသင်းပြင်ဆင်



**လန်ဒန် ဇန်နဝါရီ ၂၆**

ဘရိုက်တန်အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကာစီဒိုအား ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်စားနေသောကြောင့် ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသဖြင့် ၎င်း၏နေရာတွင် လိုက်ပ်ဇစ်ကွင်းလယ်ကစားသမား ဟိုက်ဒါရာနှင့် အစားထိုးနိုင်ရန် ကြိုတင်ပြင်ဆင်နေကြောင်း Footballtransfers.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရိုက်တန် အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ကစားသမား ကူကူရယ်လာကို ချဲလ်ဆီးအသင်းသို့လည်းကောင်း၊ တောင်ပံကစားသမား ထရိုဆာ့ဒ်ကို အာဆင်နယ်အသင်းသို့လည်းကောင်း လက်လွှတ်ခဲ့ရသကဲ့သို့ ကွင်းလယ်ကစားသမား ကာစီဒိုကိုလည်း အသင်းကြီးများ၏ ငွေကြေးသုံးစွဲနိုင်မှုကြောင့် ထိန်းသိမ်းရန် ခက်ခဲလာသဖြင့် ၎င်း၏နေရာတွင် ဟိုက်ဒါရာနှင့် ပြန်လည်အစားထိုးနိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းနည်းပြ ဂရေဟမ်ပေါ်တာက တပည့်ဟောင်းကာစီဒိုနှင့် ပြန်လည်ပူးပေါင်းနိုင်ရန် ကြိုးပမ်းနေပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ဘရိုက်တန်အသင်း တာဝန်ရှိသူများက ငြင်းပယ်ခဲ့သော်လည်း ကစားသမားအနေဖြင့် ထွက်ခွာရန်ဆန္ဒရှိခဲ့ပါက ပြန်လည်အစားထိုးနိုင်ရန် လိုက်ပ်ဇစ်အသင်း ကွင်းလယ်ကစားသမား ဟိုက်ဒါရာကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း လိုက်ပ်ဇစ်အသင်းက ယခုအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

ကွင်းလယ် ခံစစ်ကစားသမား ကာစီဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်၍ ကွင်းလယ်ပိုင်းတွင် ပုံစံကောင်း ပြသနိုင်ခဲ့ကာ အသင်းအား အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၆) နေရာသို့ ရောက်ရှိအောင် အဓိက နေရာမှ ပါဝင် ကူညီနိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရကြောင်း သိရသည်။ ML

## ပီအက်စ်ဂျီအသင်း၏ သက်တမ်းတိုးစာချုပ် ကမ်းလှမ်းမှုကို တိုက်စစ်မှူးမက်ဆီက ပယ်ချခဲ့ဟု သတင်းများထွက်ပေါ်




**မက်ဒရစ် ဇန်နဝါရီ ၂၆**

ပီအက်စ်ဂျီအသင်းက အသင်းတိုက်စစ်ကစားသမား မက်ဆီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိသော်လည်း မက်ဆီကိုယ်တိုင်က ပီအက်စ်ဂျီအသင်း၏ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး အသင်းနှင့် လမ်းခွဲရန်ဆုံးဖြတ်ထားသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅နှစ်ရှိ မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ရရှိမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းက အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် မက်ဆီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ယခုနှစ်ဘောလုံးရာသီအစပိုင်းကတည်းက ကြိုးပမ်းခဲ့သော်လည်း လက်ရှိအချိန်ထိ အောင်မြင်မှုမရရှိသေးဘဲ ကြန့်ကြာနေခြင်းဖြစ်သည်။

မက်ဆီကိုယ်တိုင်က အစောပိုင်းက ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး အသင်းတွင် ဆက်လက်ကစားရန် ပြင်ဆင်ထားသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် ကမ္ဘာ့ဖလား ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အစီအစဉ်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

မက်ဆီသည် ၎င်းပါဝင်ကစားခဲ့သည့်ပြိုင်ပွဲတိုင်းတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဘောလုံးကစားခြင်းဖြင့် ငွေကြေးရရှိရေးဘက်သို့ အာရုံစိုက်လာသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲပြီး ကမ္ဘာ့စံချိန်တင်လုပ်ခလစာများဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသည့် ကာတာလိဂ်ပြိုင်ပွဲ သို့မဟုတ် မေဂျာလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတို့သို့ သွားရောက်ကစားဖွယ်ရှိကြောင်း သိရသည်။ STA

# ဗီလာရီးရဲလ်အသင်းတိုက်စစ်မှူး ဒန်ဂျူးမားကို စပါးအသင်းက ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူ




**လန်ဒန် ဇန်နဝါရီ ၂၆**

ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရန်အတွက် တိုက်စစ်ပိုင်းထပ်မံဖြည့်တင်းလိုသည့် စပါးအသင်းက ဗီလာရီးရဲလ်အသင်းမှ တိုက်စစ်မှူး ဒန်ဂျူးမားကို ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဒန်ဂျူးမားသည် အစောပိုင်းက အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့ပြီး ဆေးစစ်မှုခံယူနေချိန်တွင် စပါးအသင်း၏ ကမ်းလှမ်းမှုကြောင့် ၎င်း၏အစီအစဉ်ကို ပြန်လည်ပြင်ဆင်ကာ စပါးအသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး ယနေ့ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စပါးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့ ကစားရန် ကျန်ရှိနေသောကြောင့် ဒဏ်ရာရကစားသမားများပြားနေသည့် တိုက်စစ်ပိုင်းအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများရှိသည့် ဒန်ဂျူးမားကို ခေါ်ယူရန် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း သဘောတူစာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်မပါခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဒန်ဂျူးမားသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဩဂုတ်လက ဘုန်းမောက်အသင်းမှ ဗီလာရီးရဲလ်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို သန်း ၂၀ ဖြင့်ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့် ပထမဆုံးပွဲထွက်ဘောလုံးရာသီတွင် လာလီဂါ သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း သွင်းဂိုးခြောက်ဂိုးသွင်းယူကာ အသင်းအား ဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် လီဗာပူးအသင်းအပါအဝင် ဥရောပအသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားခဲ့သည်။

သို့သော် တိုက်စစ်မှူးဒန်ဂျူးမားသည် ယခုနှစ် ဘောလုံးရာသီ တိုက်စစ်ပိုင်းတွင် မိုရီနို၊ ပီနို၊ ချူကွယ်ဇီ၊ မိုရာလက်စ်တို့နှင့်အပြိုင် ပွဲထွက်ခွင့်ရရှိရန် ကြိုးပမ်းနေရပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး ခြောက်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေချိန်တွင် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရက်ရှ်ဖို့ဒ်အနေဖြင့် ပြိုင်ပွဲစုံ သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာ

**မန်ချက်စတာ ဇန်နဝါရီ ၂၆**

မန်ယူအသင်း တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်သည် ကာရာဘောင်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ကစားခဲ့သည့် မန်ယူအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ပြိုင်ပွဲစုံသွင်းဂိုး ၁၀ဂိုး ပြည့်မြောက်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်ဟု The Guardian သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းက အဝေးကွင်းတွင် နော်တင်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရက်ရှ်ဖို့ဒ်က ပွဲချိန် ၆ မိနစ်တွင် နော်တင်ဟမ်အသင်း ကစားသမားများကိုကျော်ဖြတ်၍ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး လိဂ်ပြိုင်ပွဲနှင့်ဖလားပြိုင်ပွဲများ ပြန်လည်စတင်ခဲ့သည့်အချိန်တွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိပြီး ပြိုင်ပွဲစုံ ၁၀ ပွဲကစားခဲ့ရာတွင် ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးကစားခဲ့သည့်ပွဲစဉ်တွင် ပဲလေ့စ်အသင်းကိုသာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဘန်လေအသင်း၊ နော်တင်ဟမ်အသင်း၊ ဝုဗ်အသင်း၊ ဘုန်းမောက်အသင်း၊ အဲဗာတန်အသင်း၊ ချာလ်တန်အသင်း၊ မန်စီးတီးအသင်း စသည့်အသင်းများနှင့်ကစားခဲ့သည့် ခုနစ်ပွဲဆက်တွင် သွင်းဂိုးများ သွင်းယူနိုင်ခဲ့




သကဲ့သို့ အာဆင်နယ်အသင်းနှင့်ပွဲစဉ်၊ နော်တင်ဟမ်အသင်းနှင့် ကစားခဲ့သည့် ကာရာဘောင်းဖလားပွဲစဉ်တွင်လည်း သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီးပြိုင်ပွဲစုံ ပွဲစဉ် ၁၀ ပွဲတွင် သွင်းဂိုး ၁၀ ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ရက်ရှ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီ ကာရာဘောင်းဖလားပြိုင်ပွဲတွင် သွင်းဂိုး ငါးဂိုးထိရှိလာခဲ့သည့်အတွက် မန်ယူအသင်းသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ကာရာဘောင်းဖလားပြိုင်ပွဲတွင် ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည့် တီဗက်စ်၏နောက်တွင် ဒုတိယသွင်းဂိုးအများဆုံး ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA

# Farmers Insurance Open ပြိုင်ပွဲ ပထမနေ့အပြီးတွင် အာရှန်ရိုင်အပါအဝင် ပြိုင်ပွဲဝင် သုံးဦးက အမှတ်ပေးဇယားကို ဦးဆောင်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပလျက်ရှိသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရှန်ရိုင်အပါအဝင် ပြိုင်ပွဲဝင်သုံးဦးက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားများနှင့် နာမည်ကြီး ကစားသမားများရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး ဂေါက်သီးရိုက်လောကတွင် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ရရှိရန် ကြိုးပမ်းနေသည့် စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းမှာလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာရှန်ရိုင်က "ပထမနေ့မှာကစားထားနိုင်တဲ့ လက်စွမ်းပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ ဒီလောက်ထိကောင်းအောင် ကစားနိုင်မယ်လို့လဲ ထင်မထားပါဘူး။ နာမည်ကြီး ကမ္ဘာ့အဆင့် ကစားသမားတွေ တော်တော်များများ ပါဝင်လာတဲ့အတွက် Cut စာရင်းမှာ မပါသွားအောင် အာရုံစိုက်ရမယ်လို့ ပွဲစကတည်းက တွေးထားတယ်။ ဒါပေမဲ့ ပထမနေ့အပြီးမှာ နာမည်ကြီးကစားသမားတွေကို ကျော်ဖြတ်ပြီးအမှတ်ပေးဇယားထိပ်မှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ပထမနေ့မှာရခဲ့တဲ့ ရလဒ်ဟာ ဒုတိယနေ့အတွက် စိတ်ဓာတ်ခွန်အားရစေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## စပိန်လာလီဂါ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်

STA

ဂျီရိုနာ Vs ဘာစီလိုနာ

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၃ - ၁ ဂျီရိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂျီရိုနာ** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဘာစီလိုနာ** | - | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

လက်ရှိခြေစွမ်းပိုင်းအရ ဂျီရိုနာအသင်းဟာ ဘာစီလိုနာကို အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ရင်ဆိုင်ရမှာပါ။ ဘာစီလိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ အဝေးကွင်းဆိုပေမဲ့ ဂျီရိုနာအသင်းကိုအနိုင်ရယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းနှင့်လူအင်အားအသာစီးမှာရှိတဲ့ ဘာစီလိုနာအသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ဂျီရိုနာ ၀ - ၂ ဘာစီလိုနာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

STA

ဝါဒါဘရီမင် Vs ဝုဗ်ဘတ်

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ်ဘတ် ၂ - ၂ ဝါဒါဘရီမင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝါဒါဘရီမင်** | - | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |
| **ဝုဗ်ဘတ်** | - | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်ဂိုးပြတ်နိုင်ပွဲဆက်နေတဲ့ ဝုဗ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းက ပြန်လည်ကောင်းမွန်နေပါတယ်။ ဝါဒါဘရီမင်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်နေရပြီး ခံစစ်ပိုင်းကလဲ ပေးဂိုးများနေလို့ ဝုဖ်ဘတ်အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ ဝုဖ်ဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝါဒါဘရီမင် ၁ - ၂ ဝုဗ်ဘတ်**

## ပြင်သစ်လီဂူးပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

ထရွိုင်းယက် Vs လန်း

**ကစားမည့်ရက်/အချိန် ၂၈-၁-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၁ - ၀ ထရွိုင်းယက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ထရွိုင်းယက်** | - | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **လန်း** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတဲ့ လန်းအသင်းဟာ အခုပွဲစဉ်မှာလဲ ရမှတ်ပြည့်ရရှိအောင်ကြိုးစားလာမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ထားတဲ့ ထရွိုင်းယက်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ ဆိုးရွားနေလို့ လန်းအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်နိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လန်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ထရွိုင်းယက် ၀ - ၁ လန်း**

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၈-၁-၂၀၂၃ | ည ၀၉း၀၀ နာရီ | ဖရိုင်းဘတ် - ဆောက်စ်ဘတ် |
| ။ | ။ | ဟာသာဘာလင် - ယူနီယံဘာလင် |
| ။ | ။ | မိန့်စ် - ဘိုချမ် |

### စပိန်လာလီဂါ ပွဲစဉ် (၁၉) ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၈-၁-၂၀၂၃ | ည ၀၇း၃၀ နာရီ | ကာဒီဇက် - မာဇယာကာ |
| ၂၉-၁-၂၀၂၃ | နံနက် ၀၂း၃၀ နာရီ | ဂီတာဖေး - ဘက်တစ် |

# တိုင်းပြည်ကောင်းကျိုး မြတ်နိုးပူဇော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

ဘုန်းမောင်ဝင်း(ဖျာပုံ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားတည်ထားပူဇော်လျက်ရှိသော မင်္ဂလာကောင်းသတင်းမှာ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူတို့အတွက် ဝမ်းမြောက်ကြည်နူးဖွယ်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၆ ရက်(ခရစ်နှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်) တွင် အဆိုပါဥယျာဉ်တော်အတွင်း၌ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်သံဃာတော်များကြွရောက်ချီးမြှင့်တော်မူသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ရာတွင် ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိသည်။ ယခုပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး၏ စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ဖြစ်သည်။ အဆိုပါ ဆင်းတုတော်အစိတ်အပိုင်းကြီးအား သံမဏိမျှော်စင် ဝန်ချီစက်အသုံးပြု၍ ရတနာပလ္လင်တော်ပေါ်သို့စတင်ပင့်ဆောင်ခြင်းဖြစ်ပြီး ရတနာပလ္လင်တော်ပေါ်သို့ ရောက်ရှိရန် ပင့်ဆောင်ချိန် ၇၂ နာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနၶ ဌာပနာတော်သွင်းလှူ ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ (ခရစ်နှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်) နံနက် ၈ နာရီတွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီ သွင်းလှူပူဇော်နိုင်ရေးအတွက် ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များကို ဖော်ပြကာ နိဗ္ဗာန်အကျိုးမျှော်၍အသိပေးနှိုးဆော်ထားပြီးဖြစ်သည်။

ကုသိုလ်ကောင်းမှုများ ကြီးကျယ်ခမ်းနားစွာပြုရသော အချိန်အခါသည် အလွန်ပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် လွန်စွာပြည့်စုံသော အချိန်ကာလဖြစ်သည်။ လွန်စွာကြီးကျယ်ခမ်းနား၍ အံ့မခန်းသော တည်ဆောက်လှူဒါန်းမှုဖြစ်သည်။ ထိုသို့ ကြီးကျယ်ခမ်းနားသောလှူဒါန်းမှုတစ်ခုကို စာရေးသူတို့တစ်သက်တွင် ကြုံတွေ့ရသည်မှာ ကြုံတောင့်ကြုံခဲအခွင့်အခါကောင်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် အလှူရေစက်လက်နှင့်မကွာ ရှိကြသူများဖြစ်သည်။ ကံ-ကံ၏အကျိုးသက်ဝင်ယုံကြည်ကြသူများဖြစ်ကြ၍ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုကိုပြုကြသည်။ ထိုသို့ကုသိုလ်ပြုရာတွင် ဦးဆောင်သူမှာ အဓိကဖြစ်သည်။ သာမန်လူ ပုဂ္ဂိုလ်တိုင်းမှာ ဦးဆောင်မှုပြုနိုင်သည်မဟုတ်ပါ။ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်မှာ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဥပေက္ခာပါရမီ ဆယ်လီသုံးစုံကုသိုလ်ဟုန်နှင့် ပြည့်စုံသူများသာ ဦးဆောင်နိုင်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဦးဆောင်မှုမှာလည်း ဘဝအဆက်ဆက်က ပါရမီဖြည့်ကျင့်ထားခြင်းကြောင့်သာ ဤမျှကြီးမားသောလုပ်ငန်းဆောင်တာကုသိုလ်တော်ကို အောင်မြင်စွာပြုနိုင်ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာကိုလေးစားတန်ဖိုးထားကာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ခြင်းမှာ လူသာမန်တို့ မစွမ်းဆောင်နိုင်သော ကိစ္စရပ်ဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံပြီး ဘုန်းကံကြီးမားခြင်းကြောင့်သာ အောင်မြင်ပြီးမြောက်ခြင်းဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်ကပင် လွန်စွာမွန်မြတ်လှသည်။ "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်" စသည့် ကောင်းမြတ်သောရည်မှန်းချက်များဖြင့် တည်ထားပူဇော်ခြင်းဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်မှုတွင် ကုသိုလ်ပါဝင်လှူဒါန်းသူများမှာလည်း လွန်စွာများပြားလှသည်။ လှူဒါန်းမှုအစုစုပြုသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမ စာရင်းကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြပေးလျက်ရှိသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ အကောင်းမွန်ဆုံးချုပ်လုပ်ထားရာ တစ်စုံလျှင် ၁၂ သိန်းကျပ်နှုန်းဖြင့် အစုံ ၅၀၀ (၂၀၀၀၀ အုပ်) အတွက် လှူဒါန်းပြီးစီးကြောင်းသိရသည်မှာလည်း အမြတ်ဆုံးအလှူကို ပါဝင်လှူဒါန်းကြခြင်းဖြစ်၍ ဝမ်းသာမိပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာအထွန်းကားဆုံးနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သာသနာပြု မင်းကောင်းမင်းမြတ်များပေါ်ထွန်းတိုင်း ဘာသာသာသနာတော်အရှည်ခံ၍ တည်တံ့ရေးကိုကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည်။ ပထမမြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သော အနော်ရထာမင်းမြတ်၏လက်ထက်တွင် ရှင်အရဟံ၏ဟောကြားလမ်းညွှန်မှုဖြင့် ဘာသာသာသနာထွန်းလင်းတောက်ပခဲ့သည်။ လက်ညှိုးထိုးမလွဲသော စေတီပုထိုးပေါင်းမြောက်မြားစွာမှာပုဂံခေတ်ကသာသနာ စည်ပင်ထွန်းကားမှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ ဗုဒ္ဓသာသနာ၏ ခရီးတစ်လျှောက်တွင် သာသနာပြုမင်းကောင်းမင်းမြတ်တို့၏ အထောက်အပံ့ကိုရရှိသည့်အခါ သာသနာတော်ကြီးမှာ နေအရောင်၊ လအရောင်ကဲ့သို့ ထွန်းလင်းတောက်ပခဲ့သည်။ မြန်မာနိုင်ငံတွင် သာသနာပြုမင်းကောင်းမင်းမြတ်များသည် ဆရာတော်ကြီးများ၏ ဩဝါဒကိုနာယူကာ ဓမ္မစက်ကိုအာဏာစက်ဖြင့် ကူညီပံ့ပိုး၍ ပစ္စည်းလေးပါး ထောက်ပံ့ခဲ့ကြသည်။

မြန်မာဘုရင်တို့၏နောက်ဆုံးခေတ်ဟုဆိုနိုင်သော ကုန်းဘောင်ခေတ်ကို တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တိုင်းပြည်ဖျက်သည့်ရန်သူအပေါင်းကို ချေမှုန်းရန်အတွက် စစ်ထွက်သည့်အခါတိုင်း "ငါသည်လည်းကောင်း၊ ငါ၏ရန်သူသည်လည်းကောင်း သာသနာကို ပို၍ချီးမြှောက်နိုင်သူ ကသာ ဤစစ်ပွဲတွင် အနိုင်ရပါစေ" ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။ မိမိထက်ပိုမို၍ သာသနာပြုနိုင်သူ၊ သာသနာကိုပိုမိုစောင့်ရှောက်နိုင်သူကို ဦးစားပေးကာ ဘာသာသာသနာပြန့်ပွားရေးကို ဦးထိပ်ပန်ဆင်ခဲ့သည်။ ဘာသာသာသနာကို စောင့်ရှောက်ရန်မေ့လျော့သူ၊ မိမိ၏အမျိုးဘာသာသာသနာကို တန်ဖိုးထားရမှန်းမသိသူတို့မှာ နောက်ဆုံးတွင် ဆုံးရှုံးခြင်းဖြင့်သာ ရင်ဆိုင်ကြရသည်မှာ သမိုင်းတွင်အထင်အရှားရှိခဲ့သည်။

မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံဘဝသို့ကျရောက်ခဲ့သော်လည်း ဗုဒ္ဓဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ဆရာတော်အရှင်သူမြတ်များကျေးဇူးကြောင့် သာသနာကွယ်ပျောက်ခြင်းမျိုး မရှိခဲ့ပေ။ ရှေးမြန်မာများသည် လုံ့လ၊ ဝီရိယကြီးမားစွာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သဗ္ဗညုတမြတ်စွာဘုရားရှင်အားရည်မှန်း၍ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများကို တည်ထားကိုးကွယ်ပူဇော်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓရုပ်ပွားတော်များတည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ ပျူခေတ်တွင် အစောဆုံးတွေ့ရှိရသည်။ ၁၉၀၆ ခုနှစ်တွင် ဘောဘောကြီးစေတီအနီးမှတွေ့ရသော ကျောက်ချပ်ပေါ်မှ မြတ်စွာဘုရားသည် ပလ္လင်ပေါ်၌ ခြေတော်ကိုထပ်လျက်တင်ပလ္လင်ခွေကာ စံပယ်တော်မူသည်ကို တွေ့ရသည်။ ပုဂံခေတ်တွင်လည်း အနော်ရထာမင်းကြီးကိုယ်တိုင် သံသရာမှလွတ်မြောက်ရန်အလို့ငှာ ဤဘုရားကို မိမိလက်ဖြင့်သာလျှင် ပြုလုပ်တော်မူအပ်၏ ဟူသောပါဠိဘာသာဖြင့် အုတ်ခွက်ဘုရား၏ ကျောဘက်မျက်နှာစာတွင် ရေးထိုးထားသည်ကို တူးဖော်တွေ့ရှိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်၍ စာရေးသူ သိရှိထားသည့် အကြောင်းအရာ အချက်အလက်တို့ကို စာဖတ်သူအားမျှဝေလိုပါသည်။ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီး စကျင်တောင်မှထွက်ရှိသည့် စကျင်ကျောက်တော်ကြီးအား ရုပ်ပွားတော်ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေရှိ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်နိုင်ရေး Shwe Foundation ၏လွှဲအပ်ချက်အရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ရွှေထုတ်ဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓိယနှင့်

စာမျက်နှာ ၁၁သို့

**စာမျက်နှာ ၁၀မှ အဆက်**

ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသတို့ထံမှ ဩဝါဒခံယူပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်၍ အများစုပေါင်းလှူဒါန်းမှုဖြင့် တပ်မတော်မှ စတင်ဆောင်ရွက်ပါသည်။

အဆိုပါ စကျင်ကျောက်ဘုမိဖဿ မုဒြာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများအား ၂၀၂၀ ပြည့်နှစ် ဇွန် ၆ ရက်နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘဒ္ဒန္တ ဉာဏိဿရနှင့်အတူ သွားရောက်ကြည့်ရှု၍ ထုဆစ်ကိုးကွယ်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ဆရာတော်ကြီးထံ တင်ပြလျှောက်ထားပြီး ဆရာတော်ကြီး၏ လမ်းညွှန်မှုဩဝါဒကို ခံယူပါသည်။

ဦးစွာ သီတဂူဆရာတော်ဘုရားကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရန် ကျောက်များတူးဖော်လျက်ရှိသည့် မတ္တရာမြို့နယ် စကျင်တောင်သို့ရောက်ရှိကြပြီး သီတဂူဆရာတော်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆောင်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရုပ်ပွားတော်ပုံစံငယ်များဖြင့်တင်ပြလျှောက်ထားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက စကျင်ကျောက်တော်ကြီးတူးဖော်ခြင်း၊ ထုဆစ်ခြင်း လုပ်ငန်းဆောင်ရွက်မှုများ၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်နိုင်ရေး ရေလမ်း၊ ကုန်းလမ်းတို့မှသယ်ယူပို့ဆောင်သွားမည့် အခြေအနေများ၊ နေပြည်တော်တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ဆက်လက်တင်ပြလျှောက်ထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်ပွားတော်မြတ်ကြီးကို "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကိုအထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးပွားစေရန်" စသည့်ရည်ရွယ်ချက် ၄ ချက်ဖြင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လျှောက်ထားသည်။

စကျင်ကျောက်တော်ကြီးကို အလှူရှင် Angelo Mining Co.,Ltd. မှ ဦးအောင်ခိုင်သန်းက Shwe Foundation သို့ ၂၀၁၃ ခုနှစ်တွင် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပလ္လင်တော်အတွက်လိုအပ်သည့် ကျောက်များကို ထပ်မံဝယ်ယူဖြည့်တင်းခဲ့ရကြောင်း၊ ရုပ်ပွားတော်အတွက် လိုအပ်သည့် ကျောက်သားတူးဖော်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ နေရာချထားခြင်းနှင့်တည်ထားကိုးကွယ်မည့် ဥယျာဉ်တော်အတွင်း သာယာလှပရေးတို့အား စနစ်တကျတွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥယျာဉ်တော်အတွင်း၌ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် ဂန္ဓကုဋိတိုက်များ၊ သုခမ္မာဇရပ်၊ ပုတ်တလုတ်ရေကန်၊ ရေပန်းများထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ဂန္ဓကုဋိတိုက်အတွင်း၌လည်း ဗုဒ္ဓယဉ်ကျေးမှုများ၊ ဗုဒ္ဓဝင်များကို စကျင်ကျောက်များဖြင့်ထုဆစ်ပူဇော်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ဇူလိုင်လမှ စတင်၍ ပင့်ဆောင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မူလဉာဏ်တော်မထိခိုက်စေဘဲထုံးတမ်းစဉ်လာများနှင့်အညီ ပင့်ဆောင်သွားမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားခဲ့ပါသည်။

သီတဂူဆရာတော်ဘုရားကြီးက မြတ်စွာဘုရား၏ ရုပ်ဆင်းအင်္ဂါလက္ခဏာတော်ကြီး ၃၂ပါးနှင့်အနီးစပ်ဆုံးတူညီအောင် ထုဆစ်ရမည်ဖြစ်ပြီး သက်နှံအကျအနအစ လက်ချောင်းများ ညီညာနေရမည်ဖြစ်ကြောင်း၊ ကျောက်သားကောင်းရန်၊ ကျောက်အရောင်ညီရမည်ဖြစ်ပြီးလက်ရာကောင်းမွန်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ သုခမ္မာဇရပ်ဆောက်လုပ်ရာတွင် မန္တလေးရှိ သုခမ္မာဇရပ်အတိုင်းပုံစံယူပြီး ကျွန်းတိုင်များထည့်သွင်းဆောက်လုပ်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သည်ဖြစ်၍ အလွန်ကောင်းမွန်သည့်အလုပ်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

ထို့နောက် သီတဂူဆရာတော်ဘုရားကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စကျင်တောင်တော်မှ စကျင်ကျောက်တော်ကြီးအား ရုပ်ပွားတော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ၊ စုစုပေါင်း ဉာဏ်တော်အမြင့် ၈၁ ပေရှိ မြတ်စွာဘုရား၏ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ကိုးကွယ်ရန် နေပြည်တော်သို့ ပို့ဆောင်နိုင်ရေးလုပ်ငန်း ၈ ခုခွဲ၍ ဆောင်ရွက်နေသည့်အခြေအနေများအား လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီး စကျင်တောင်မှ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်သို့သယ်ဆောင်ရာတွင် စကျင်တောင်မှ မြောင်းမြစ်အတွင်းသို့လည်းကောင်း၊ မြောင်းမြစ်မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်း၍ ဆီမီးခုံဆိပ်ကမ်း၊ ဆီမီးခုံဆိပ်ကမ်းမှတစ်ဆင့် မန္တလေး-ရန်ကုန်အမြန်လမ်းမကြီးအတိုင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဒက္ခိဏသီရိမြို့နယ်သို့လည်းကောင်း အဆင့်ဆင့်ပင့်ဆောင်မည့်လမ်းကြောင်းကို ရဟတ်ယာဉ်ဖြင့်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ပါသည်။

မြတ်ဗုဒ္ဓထုဆစ်ပုံဖော်ပူဇော်မည့်စကျင်ကျောက်တော်ကြီးကို ဗုဒ္ဓရုပ်ပွားတော်ထုဆစ်နိုင်ရန် လေးဖက်ရိုက်ပုံစံဖြတ်တောက်ပြီးစီးသည့်အနေအထားအရကျောက်တော်ကြီး၏ အရွယ်အစားမှာ ဉာဏ်တော်အမြင့် ၆၅ ပေ၊ ရှေ့အလျား(ဖြတ်) ၅၄ ပေ၊ ထု ပေ ၂၀ ရှိသည်။ အလေးချိန်တန် ၇၇၀၀ ရှိသည့်အတွက် နေပြည်တော်သို့သယ်ယူပင့်ဆောင်မည်ဆိုပါက ထုထည်ပမာဏကြီးမားလွန်းခြင်း၊ အလေးချိန်များပြားလွန်းခြင်းတို့ကြောင့်ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများတွင် ကန့်သတ်ချက်များစွာနှင့် ကြုံတွေ့နိုင်သည်။ ထို့ကြောင့်ကျောက်တော်ကြီးကို အပိုင်းလိုက်ပင့်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၏ လမ်းညွှန်ချက်အရ ရုပ်ပွားတော်မြတ်ကြီး၏ ဦးခေါင်းတော်နှင့်ပကတိဉာဏ်တော်တို့ကို မထိခိုက်စေဘဲ အပိုင်းလိုက်ပင့်ဆောင်ပူဇော်ခဲ့ရသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ရန် ကျောက်တော်ကြီးအပိုင်းများ၏ စုစုပေါင်းအလေးချိန်မှာ တန်ချိန် ၈၁၅၈ တန်ရှိသည်။ နေပြည်တော်သို့ပင့်ဆောင်ရာတွင် စကျင်တောင်မှ မြောင်းမြစ်အထိ ၁ မိုင်ကို တူးမြောင်းဖောက်လုပ်၍လည်းကောင်း၊ မြောင်းမြစ်မှ ဧရာဝတီမြစ်အထိ ၂ မိုင် ၅ ဖာလုံကို မြစ်ကြောင်းအတိုင်းပင့်ဆောင်၍လည်းကောင်း၊ ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့အနီး ဆီမီးခုံဆိပ်ကမ်းအထိ ၈၅ မိုင်ကို မြစ်ကြောင်းအတိုင်းလည်းကောင်း ပင့်ဆောင်ခဲ့ရသည်။ စုစုပေါင်းရေလမ်းကြောင်းအရှည်မှာ ၈၈ မိုင် ၅ ဖာလုံရှည်လျားသည်။

ဤနေရာတွင်တူးမြောင်းဖောက်လုပ်မှုအကြောင်းကို ဖော်ပြလိုပါသေးသည်။ တူးမြောင်းဖောက်လုပ်ရန်အတွက် တူးမြောင်းပုံစံဒီဇိုင်းရေးဆွဲရန်လိုအပ်သည့် ရေအနက် (Design Water Level) သတ်မှတ်နိုင်ရန်အတွက် မြောင်းမြစ်၏မြစ်ရေအမှတ်များ၊ သယ်ယူပင့်ဆောင်မည့် ရတနာရွှေဖောင် (Barge) ရေယာဉ်၏ အတိုင်းအတာအချက်အလက်များကိုအခြေခံ၍ မိုးရာသီကာလအတွင်း သင်္ဘောဝပ်ကျင်း (Dock) အတွင်းသို့ ရတနာရွှေဖောင်တော်ရေယာဉ်ဝင်နိုင်မည့်အခြေအနေ၊ စကျင်တောင်တူးမြောင်းအတွင်းမှ ကျောက်တော်ကြီးအပိုင်းများ တင်ဆောင်၍ ပြန်လည်ထွက်ခွာနိုင်မည့် အခြေအနေနှင့် ဆီမီးခုံဆိပ်ကမ်းသို့ အရောက်တွင် ကျောက်တော်ကြီးအပိုင်းများကိုမြေပြင်ထက်သို့ ပြန်လည်ပင့်ဆောင်နိုင်မည့်အခြေအနေစသည့်အခြေအနေသုံးရပ်ကို ဟန်ချက်ညီစေရန် အကြိမ်ကြိမ်တွက်ချက်သုံးသပ်ခဲ့ကြသည်။

ထိုသို့တွက်ချက်သုံးသပ်နိုင်ရန် အဓိကလိုအပ်သည့် စကျင်တောင်ရှိ မြောင်းမြစ်၏ မြစ်ရေအမှတ်နှင့် ဆီမီးခုံဆိပ်ကမ်းရှိ ဧရာဝတီမြစ်၏ မြစ်ရေအမှတ်တို့ကိုရရှိနိုင်ရန် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း နှစ်စဉ်လအလိုက်ပျမ်းမျှအနိမ့်ဆုံး၊ အမြင့်ဆုံးဖြစ်ခဲ့သည့် မြစ်ရေအမှတ်အသားကိုအထောက်အထားပြုကာ တွက်ချက်ခဲ့ကြကြောင်း သိရှိရပါသည်။ ရရှိခဲ့သည့်အချက်အလက်များအရ ထိပ်ဝအကျယ် ၁၄၄ ပေ၊ အောက်ခြေအကျယ်ပေ ၉၀ နှင့်ရေအနက် ၁၈ ပေရှိသည့် တူးမြောင်းတစ်ခုကို ဖောက်လုပ်ခဲ့ကြသည်။ ထို့နောက်စကျင်တောင်တွင် ရတနာရွှေဖောင်တော်ရေယာဉ်ဆိုက်ကပ်၍ ကျောက်တော်ကြီးအပိုင်းများ တင်ဆောင်နိုင်ရန်အတွက် အလျား ပေ ၄၀၀၊ အနံပေ ၄၀၀ရှိသည့် သင်္ဘောဝပ်ကျင်းတစ်ခုကို တည်ဆောက်ခဲ့ရသလို ဆီမီးခုံဆိပ်ကမ်းတွင် အလျားပေ ၃၅၀၊ အနံပေ ၂၄၀ ရှိသည့် သင်္ဘောဝပ်ကျင်းတစ်ခုကိုတည်ဆောက်ခဲ့ကြရသည်။

ကုန်းလမ်းကြောင်းတွင် ဆီမီးခုံဆိပ်ကမ်းမှ မြို့သာစက်မှုဇုန်အထိ ၁၈ မိုင်ကို မူလဖောက်လုပ်ပြီးဖြစ်သည့် မြေသားလမ်းမှလည်းကောင်း၊ မြို့သာစက်မှုဇုန်မှ ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ်(၃၅၂/၀) စကားအင်းအဝိုင်းအထိ ၂၂ မိုင် ၅ ဖာလုံကို မြေသားလမ်းအသစ်ဖောက်လုပ်၍ လည်းကောင်း စကားအင်းအဝိုင်းမှ မိုင်တိုင်အမှတ်(၂၀၄/၀)အထိ ၁၄၈ မိုင်ကို မန္တလေး-နေပြည်တော် အမြန်လမ်းမှ လည်းကောင်း၊ မိုင်တိုင်အမှတ်(၂၀၄/၀)မှ တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အထိ ၇ ဖာလုံကို မြေသားလမ်းအသစ်ဖောက်လုပ်၍လည်းကောင်း သယ်ယူပင့်ဆောင်ခဲ့သည်။ စုစုပေါင်းကုန်းလမ်းကြောင်းအရှည်မှာ ၁၈၉ မိုင် ၄ ဖာလုံရှည်လျားကြောင်းသိရှိရသည်။

စကျင်ကျောက်တုံးတော်ကြီးများကို ရေလမ်းကြောင်းမှ စတင်သယ်ဆောင်ခြင်းအား ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင်စတင်ခဲ့ပြီး အရန်ကျောက်တော်ကြီးအပိုင်းများအပါအဝင် ကျောက်တော်ကြီးအပိုင်းများကို ကိုးခေါက်တိတိပင့်ဆောင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် မတ္တရာမြို့နယ် ဆီမီးခုံဆိပ်ကမ်းသို့အောင်မြင်စွာပင့်ဆောင်ရောက်ရှိခဲ့သည်။ ကျောက်တော်ကြီးအပိုင်းများကို အနားညှိအလေးချိန်လျှော့ချခြင်းဆောင်ရွက်ခဲ့ရာ တန်ချိန် ၈၁၅၈ တန်မှ ၅၂၆ တန်လျှော့ချခဲ့ရာ တန်ချိန် ၇၆၃၂ တန်သို့ရောက်ရှိခဲ့သည်။ ကုန်းလမ်းကြောင်းမှပင့်ဆောင်ခြင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်စတင်ခဲ့ပြီး ကျောက်တော်ကြီးအပိုင်းများကို ခုနစ်ခေါက်တိတိပင့်ဆောင်ခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်သို့ အောင်မြင်စွာပင့်ဆောင်ရောက်ရှိခဲ့သည်။

ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှပင့်ဆောင်ရာတွင် ရုပ်ပွားတော်အပိုင်း(၁)မှာ တန်ချိန် ၁၀၉၀ တန်ဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင်ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှအလေးချိန်(တန်ချိန်)အများဆုံးနှင့်ခရီးအကွာအဝေး အရှည်လျားဆုံးသယ်ယူခဲ့သည့် သယ်ယူပို့ဆောင်မှုအဖြစ်မှတ်တမ်းဝင်ခဲ့သည်။ ထိုကဲ့သို့ အလေးချိန်အများဆုံးနှင့် အဝေးဆုံးသယ်ယူခဲ့သည့်လုပ်ငန်းများတွင် တပ်မတော်သားများ၏ကြိုးစားဆောင်ရွက်မှုဖြင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားအကူအညီလုံးဝမပါဝင်ခဲ့သည့်အတွက် ခေတ်မီတိုးတက်လျက်ရှိသည့်နိုင်ငံကြီးများကပင် အံ့ဩစရာဖြစ်ခဲ့ကြောင်းသိရှိရသည်။

ဤဆင်းတုတော်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့်ရုပ်ပွားတော်ကြီးဖြစ်ကြောင်း သိရှိနိုင်သည်။ ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" (MARAVIZARA) ဟူ၍ ပူဇော်သမုတ်ခဲ့သည်။ မာရဝိဇယဟူသည့်ဘွဲ့တော်၏ အနက်အဓိပ္ပာယ်မှာ "မာရ်နတ်မင်း၏ အနှောင့်အယှက် ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသောမြတ်စွာဘုရား" ဟူ၍ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပူဇော်ရန်အတွက် ရုပ်ပွားတော်အပိုင်းတွင် ကျောက်တော်ကြီးလေးပိုင်း (တန်ချိန် ၁၇၈၂ တန်)နှင့် ပလ္လင်တော်အပိုင်းတွင် ကျောက်တော်ကြီးငါးပိုင်း(တန်ချိန် ၃၅၁၀ တန်)ရှိသည်။ စုစုပေါင်းအလေးချိန်မှာ တန်ချိန် ၅၂၉၂ တန်ဖြစ်သည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားနိုင်ရန် ကျောက်တော်ကြီး အပိုင်းကိုးပိုင်းတို့ကို ထုဆစ်တွဲဆက်ရမည်ဖြစ်သည်။ ထုဆစ်ခြင်းအတွက် နောက်ဆုံးပေါ်ကျောက်ဆစ်နည်းပညာဖြစ်သည့် Computer Numerical Control(CNC) နည်းပညာသုံး ခေတ်မီစက်ကြီးများဖြင့် ထုဆစ်ကြသည်။ ကျောက်တော်ကြီးအပိုင်းများ တွဲဆက်ရာတွင် သမားရိုးကျနည်းလမ်းများအပြင် ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ ခေတ်မီနည်းပညာရပ်များ ပေါင်းစပ်ကာ ခေတ်မီနည်းလမ်းများဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။ အချောသပ်ထုဆစ်ပြီး ဖြစ်တည်လာမည့် စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၆၃ ပေဖြစ်ပြီး ပလ္လင်တော်အမြင့်မှာ ၁၈ ပေဖြစ်သည့်အတွက် စုစုပေါင်းဉာဏ်တော်အမြင့် ၈၁ ပေရှိမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင်စကျင်ကျောက်သားဖြင့် ထုဆစ်သည့် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးနှင့် တန်ချိန်အများဆုံးရုပ်ပွားတော်မြတ်တစ်ဆူဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားအားလုံး ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်၍အောင်မြင်ခြင်းမင်္ဂလာအပေါင်းတို့နှင့်ပြည့်စုံစေရန် ရည်စိတ်သန်၍ ဘုမိဖဿမုဒြာဟန်ဖြင့် ထုဆစ်တည်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အား ရည်မှန်း၍ ရုပ်ပွားဆင်းတုတော်များကို ထုလုပ်ကိုးကွယ်ကြသည်။ စေတီလေးမျိုးတွင် ဥဒ္ဒိဿစေတီဆိုသည်မှာ ရုပ်ပွားဆင်းတုတော်များကို ဆိုလိုခြင်းဖြစ်သည်။ ဥဒ္ဒိဿဟူသောပါဠိစကားသည် ရည်မှန်း၊ ရည်ညွှန်း၊ အာရုံပြုသည်ဟူ၍ အဓိပ္ပာယ်ရသည်။ ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုသည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏ဂုဏ်တော်များကို ရည်မှန်း၍ မြတ်စွာဘုရားရှင်ကိုယ်စားထုလုပ်ကိုးကွယ်ပူဇော်ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၂သို့**

**စာမျက်နှာ ၁၁မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံးနှင့် မြန်မာ့ရိုးရာထုံးများနှင့်အညီ မြတ်စွာဘုရားရှင်၏ ၃၂ ပါးသောလက္ခဏာကြီး၊ အပါး ၈၀ သောလက္ခဏာငယ်တို့နှင့်ကြည်ညိုသပ္ပာယ်စွာထုဆစ်တည်ဆောက်ခြင်းဖြစ်သည်။ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းတွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်ဟူသည့်သာသနိကအဆောက်အအုံများကိုလည်း ခမ်းနားပြည့်စုံစွာတည်ဆောက်လျက်ရှိသည့်အတွက် သာသနာ့နယ်မြေတစ်ခုတည်းတွင် အစုံလင်ဆုံးနေရာတစ်ခုဖြစ်လာပေမည်။ သာသနိကအဆောက်အအုံများတည်ဆောက်ရာတွင် မြန်မာအနုသုခုမ လက်ရာများဖြစ်သည့် ပန်း ၁၀ မျိုး အတတ်ပညာများဖြင့် ထုံမွမ်းအလှဆင်ထားသည်။

ဘာသာ၊ သာသနာဆိုင်ရာအခမ်းအနားများ ကျင်းပနိုင်ရန်ရည်ရွယ်၍ "အဂ္ဂါဓိပတိ" သိမ်တော်ကြီးတစ်ဆောင်ကိုလည်း တည်ဆောက်ထားသည်။ သိမ်တော်ကြီးတွင် ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ် ၂၂၀၀ ဦးကျော်ဝင်ဆံ့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံးသောသိမ်တော်ကြီး အဖြစ်ပေါ်ထွက်လာမည်ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမျက်နှာမူရာ ရှေ့တူရူအရပ်တွင် မြတ်ဗုဒ္ဓ၏သာသနာတော်သုံးရပ်ဖြစ်သည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူဖြစ်သည့် ပိဋကတ်မွေကျမ်းစာများကိုကျောက်ထက်အက္ခရာတင်၍ပူဇော်ထားရှိသည်။ ပါဠိဘာသာအပြင် ရိုမန်ဘာသာဖြင့်ပါ ရေးထွင်းပူဇော်ထားသည်။ ဝိနည်းပိဋကတ်တော်များကို ကျောက်စာစေတီ ၉၆ ဆူ၊ အဘိဓမ္မာပိဋကတ်တော်များကို ကျောက်စာစေတီ ၂၁၆ ဆူနှင့် သုတ္တန်ပိဋကတ်ကျောက်စာစေတီ ၄၀၈ ဆူ တည်ဆောက်ထားသည်။

ရဟန်းရှင်လူ များပြည်သူတို့အတွက် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပိဋကတ်ကျောက်စာစေတီများ၊ သာသနိကအဆောက်အအုံများမှာ ကမ္ဘာတည်သရွေ့ ဆက်လက်တည်ရှိနေမည်ဖြစ်သဖြင့် ဗုဒ္ဓသာသနာတော်အတွက် ရှေးမင်းကောင်းမင်းမြတ်များနည်းတူ သာသနာ့မော်ကွန်းရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ ဘာသာ၊ သာသနာကိုအလေးထားကြည်ညိုကြသည့် မင်းကောင်းမင်းမြတ်များလက်ထက်တွင် ဗုဒ္ဓသာသနာမှာ နေတစ်ဆူ၊ လတစ်ဆူပမာထွန်းလင်းတောက်ပခဲ့သည့်နည်းတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ဦးဆောင်မှုဖြင့် သာသနာ့သမိုင်းတစ်ခေတ်ထာဝရကုသိုလ်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားဝမ်းမြောက်ဝမ်းသာပီတိအဖြာဖြာဖြင့် ရေးသားလိုက်ရပေသည်။ ။

# ရွှေတိဂုံစေတီတော်တွင် ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပသွားမည်



၂၀၁၉ ခုနှစ်က ပြုလုပ်သည့် ထမနဲထိုးပြိုင်ပွဲကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ယခုနှစ်တွင်ကျင်းပမည့်မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲများအပြင် ထမနဲဆွမ်းကပ်လှူဒါန်းခြင်းနှင့် ထမနဲစတုဒိသာကျွေးမွေးလှူဒါန်းခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်တွင် ထမနဲပွဲတော်ကို ကိုဗစ်ကာလအတွင်းက ယာယီရပ်နားခဲ့ပြီး ယခုနှစ်တွင် အဆိုပါပွဲတော်ကို ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်တဲ့ ထမနဲပွဲတော်နဲ့ ထမနဲထိုးပြိုင်ပွဲကို ဒီနှစ်မှာတော့ ရွှေတိဂုံစေတီတော်မှာ ကျင်းပဖို့စီစဉ်နေပါတယ်။ ထမနဲပွဲတော်အတွက် အလှူခံမဏ္ဍပ်ကိုလဲ စေတီတော်ရင်ပြင်မှာ ဖွင့်ထားပြီဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်က အလှူခံမဏ္ဍပ်တွေအနေနဲ့ ထမနဲတစ်ဒယ်ကို ငွေကျပ် ၅၅၀၀၀ နှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်ပြီး ငွေကျပ် ၁၀၀၀၀ နဲ့အထက် အလှူရှင်တွေကိုလဲ ထမနဲတွေပြန်လည်ဝေမျှမှာဖြစ်သလို ရရှိလာတဲ့ ထမနဲရဲ့ လေးပုံတစ်ပုံကို အလှူရှင်တွေကို ဝေငှမှာဖြစ်ပါတယ်။ ကျန်တဲ့ထမနဲတွေကို စေတီပရိဝုဏ်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေကို လှူဒါန်းမှာဖြစ်သလို ဘုရားဖူးပြည်သူတွေကိုလဲ စတုဒိသာဝေငှပေးမှာ ဖြစ်ပါတယ်"ဟု ဦးဘိုးသင်းက ပြောပြသည်။

ယခုနှစ်တွင်ကျင်းပမည့်မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ကိုယ်စားပြု ထမနဲအသင်းများ၊ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ရေကြည်တော်ကပ်အသင်းများ၊ ဝတ်အသင်းများ ပါဝင်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။ ASH

# စစ်တွေမြို့၌ Mrs Ethnic Tourism 2023 Final ပြိုင်ပွဲ ကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ Mrs Ethnic Tourism 2023 Final ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း AKYAB STAR မှ မန်နေးဂျင်းဒါရိုက်တာ ဦးစံသာက ပြောပြ၍ သိရသည်။

Mrs Ethnic Tourism 2023 Final ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အလှမယ်ကိုးဦးကို ဆန်ခါတင်ရွေးချယ်ထားပြီး ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ စစ်တွေမြို့ Strand Hotel တွင် Camp ဝင်လျက်ရှိပြီး ပြိုင်ပွဲကို အာရှိယာန်စားသောက်ဆိုင် မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"Mrs Ethnic Tourism 2023 မှာ တိုင်းရင်းသားဒေသအသီးသီးမှာ ခရီးသွားလုပ်ငန်းပိုင်းတွေ ပိုမိုတွင်ကျယ်လာဖို့ရယ်၊ နောက် ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ အိမ်ထောင်ကျပြီးသား အမျိုးသမီးတွေက သားသမီးတွေ၊ အိမ်မှုကိစ္စတွေနဲ့ပဲ ကျင်လည်ရပ်တည်နေထိုင်နေတာမဟုတ်ဘဲ သူတို့ရဲ့အရည်အချင်းတွေကို ချပြနိုင်သေးတယ် ဆိုတာကို ပလက်ဖောင်းတစ်ခုအနေနဲ့ ထုတ်ပြပေးတာပါ။ ဒီပြိုင်ပွဲ ပထမအဆင့်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြို့နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အယောက် ၂၀ လောက် ရှိတယ်။ အဲဒီထဲက Final ရောက်လာတဲ့အချိန်မှာ မြို့နယ်ကိုယ်စားပြု ကိုးမြို့နယ်က ပြိုင်ပွဲဝင်တွေကို ဆန်ခါတင် ရွေးထားပါတယ်"ဟု ဦးစံသာက ပြောပြသည်။

Mrs Ethnic Tourism 2023 ပြိုင်ပွဲအတွက် ဆန်ခါတင်ရွေးချယ်ထားသည့် အိမ်ထောင်ရှင်အလှမယ်ကိုးဦးမှာ နေပြည်တော်၊ တာချီလိတ်၊ မန္တလေး၊ စစ်တွေ၊ မြောက်ဦး၊ အမ်းစသည့်မြို့နယ်တို့မှ ဖြစ်ကြကြောင်း သိရသည်။

Mrs Ethnic Tourism 2023 Final ပြိုင်ပွဲတွင် Winner ဆုရသည့် အိမ်ထောင်ရှင်အလှမယ်ကို ငွေကျပ်သိန်း ၅၀ နှင့် Crown ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

## မမေ့ရင်ထဲ ကောက်ရိတ်ပွဲ

- ချစ်တဲ့သူငယ်လေ
တံစဉ်ကိုင်မပျက် ကောက်ရိတ်ဖက်တို့ရေ။

- မြသားငယ်မှ မောင်းညို
စပါးနှံ ရောင်ရွှေအိုသို့
နှစ်လိုဖွယ်ပြောင်း လှသတော်။

- ထစ်ချုန်းဆူညံ မိုးဝသန်မှ
ဟေမန်ဆောင်းဦး ကူးခဲ့ပြီလေ။

- ပုလဲငွေနှင်း ဖြန့်ကြဲဆင်းလို့
အဆင်းစုံညီ ဆောင်းပန်းချီ
မပီဆေးချက် လှသတော်။

- လူတို့ပမာ အစာရှာသည့်
စာသူတော်အုပ် လုပ်သတော်။

- မိုးထက်ဝလာ ကောင်းကင်ပြာနှင့်
သလ္လာတိမ်တိုက် လိုက်သတော်။

- မိုးအောက်တစ်ခွင် လယ်ယာပြင်၌
ကောက်လျင်စပါး အနှံထွား
လှပ်ရှားယိမ်းက လှသတော်။

- အေးကြည် လေးရီ မွှေးကြည် မြနှင်း
ကောက်ရိတ်ဖော် ဆွေတစ်သင်းတို့
သီချင်းညည်းလို့ သွားသတော်။

- ရှမ်းငါးပိထောင်း မုန့်ညင်းပေါင်းနှင့်
စားကောင်းအောင်ပြင် မုန့်ညင်းချဉ်
စုံလင်ဟင်းခွက် ပါသတော်။

- နေ့ခင်းနားခါ နေ့လယ်စာကို
သူငါပေါင်းစု စားသောက်မှု
ပြုကြည်ညာ လှသတော်။

- အလိုလေ့အိုင်
တောရွာဓလေ့ ပျော်မွေ့စိတ်စွဲ
ဆောင်းဟေမန် ကောက်ရိတ်ပွဲ
ဆင်နွှဲမြိုင်လေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**




ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# Auspicious ceremony to place Maravijaya Buddha Image on top of Yadana Throne held




Senior General Min Aung Hlaing attends ceremony to place Maravijaya Buddha Image on top of Yadana Throne.

**Nay Pyi Taw January 26**

A holy and auspicious ceremony to put the Maravijaya Buddha Image on top of the Yadana Throne was held this morning at Buddha Park in Dekkhinathiri Township, Nay Pyi Taw, Union Territory, where the image will be placed.

Present at the ceremony were Sayadaws led by Chairman of State Sangha Maha Nayaka Committee Sayadaw Abhidhaja Maha Rattha Guru Abhidjaja Agga Maha Saddhammajotika Dr Bhaddanta Kumara of Bhamo Monastery, Mandalay, and Chancellor of Sitagu International Buddhist Academies Abhidhaja Maha Rattha Guru Abhidjaja Agga Maha Saddhammajotika Maha Dhammakahtika Bahujanahitadhaja Chairman (Sangha Raja) of Shwekyin Nikaya Sitagu Sayadaw Dr Bhaddanta Nyanissara, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary, the Joint Secretary and members and their wives, Union ministers, the Nay Pyi Taw Council chairman, senior military officers from Office of Commander-in-Chief and their wives, the Nay Pyi Taw Command commander, and distinguished guests.

The ceremony was opened by reciting namotassa three times. Then a song praising the virtues of Maravijaya Buddha Image was sung, conch shell was blown and gongs were beaten three times to mark the auspiciousness and success of the ceremony. Sayadaws then recited parittas. Donors recited Ratana Puja and Sabbasingaha mantras.

Led by Sayadaws, the main donor Senior General Min Aung Hlaing and party took positions near the Yadana Throne. They then sprinkled scented water on steel structure supporting the throne, large steel case in which the Image was placed, and gantry crane that would put the Image on the throne.

Master of ceremonies read out Mingala Akhadaw, and at the auscipious time, the Senior General pressed the button to put the Image on the throne with machines.

The task of putting the Image on the throne was carried out phase by phase.

*See Page 14*



Sayadaw Dr Bhaddanta Kumara checks the Yadana Throne.



Senior General Min Aung Hlaing sprinkles scented water on steel structure.




Senior General Min Aung Hlaing performs religious rites.


Sayadaws recite religious verses.


A Sayadaw sprinkles scented water on Yadana Throne.


A Sayadaw sprinkles scented water on Yadana Throne.


A Sayadaw sprinkles scented water on steel structure.

*From Page 13*

Sayadaws recited religious verses to mark the auspiciousness and success of the ceremony.

The Yadna Throne is 18 feet high, 72 feet long and 54 feet wide. The total weight of the large part of the Image which was a combination of sections 1/2/3 is 1700 tons. It will take about 72 hours for the gantry crane to complete the task of putting the entire large part of the Image on the throne.

Then, the paper on sharing merits gained was read and merits shared with three-time recitation of Buddha Sasanam Ciram Titthatu. They performed rituals of golden and silver showers in commmoration of successful completion of the gala ceremony.

At the briefing hall, the Senior General and party sought the words of advice from members of the Sangha led by the Bhamo Sayadaw and the Sitagu Sayadaw on carving of the Buddha image, construction of religious edifices in the Buddha park, and arrangement to print Pitakat treatises in Pali and Romanized languages. Led by the Sayadaws, they viewed round progress in construction of the Park, and the Senior General supplicated the facts what the Sayadaws wanted to know and sought the words of advice.

The Maravijaya Buddha image was carved with four objectives **to show firm flourishing of Theravada Buddhism of Myanmar to the world, to ensure peace and stability of the State, develop the region with visits of local and international travellers to the Buddha image and contribute to developmetn of the Sate.** The marble rock was checked in X-ray in 2018 to know its measurement, mass and faults for assessing the situation how to carve the height of the image and carving of the throne. Then, the marble rock was carried from Sagyin Hill in Madaya Township to Sameikkhon ketty in shipping. Afterwards, it was conveyed to Nay Pyi Taw by modular trailer along the Mandalay-Yangon expressway amid difficulties. On arrival at Nay Pyi Taw, the marble rock was carved by experts with the use of CNC machines and modern machinery day and night.

For the time being, construction tasks are being carried out for a Sasana Beikman to accommodate 1,200 members of the Sangha and congregation at religious ceremonies and other religious edifices in the Buddha Park. In accord with the guidance of venerable Sayadaws, Pitakat treatises in line with the version adopted by the Sixth Buddhist Synod on the marble plaques in Pali and Romanized languages with the use of modern machinery in order to keep the stone plaques. The already-carved inscriptions on Tri Pitakat, Athakahta and Tika treatises were posted in front of the Buddha image. Arrangements are being made for pilgrims to view the Athakahta and Tika treatises of the Tri Pitakat treatises in the stone inscription chamber. Moreover, a plan is underway to print the Pitakat treatises in Pali and Romanized languages to be distributed to the monasteries across the world. The ceremony to enshine religious objects into the reliquary in the centre of the jewelled throne of the Buddha image will be held at 8 am on 27 January. 100

# Myanmar earns over US$557.58 m from the export of fishery from Apr 1 to Jan 23

**Nay Pyi Taw January 26**

Myanmar earned more than US$557.58 million from the export of fishery products to more than 40 countries from April 1 to January 23 in 2022-2023 FY, according to U Nyunt Win, Director of Fisheries Department (Nay Pyi Taw).

Myanmar is regularly exporting its fishery products to Japan, Middle East countries, Member States of the European Union, Malaysia, Chinese Taipei and Australia. In this fiscal year, shrimp exports have received the most export income among the export of fishery products.

"In this fiscal year, we have been able to increase 20 types of fish to countries on the trading side, and shrimp and crab are the main exports of fishery products," said U Nyunt Win.

The department and exporters are working together to meet the needs of each buying country in order to ensure regular exports of fishery products and to ensure that exports do not decrease depending on the market situation. ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်နှင့် F-16 သဘောတူညီချက်ရပ်တန့်နေချိန် ဗြိတိန်ထုတ်စစ်လေယာဉ်များဝယ်ယူရန် တူရကီစီစဉ်နေ



အမေရိကန်နှင့် F-16 သဘောတူညီချက်ရပ်တန့်နေချိန်တွင် ဗြိတိန်ထံမှ လက်နက်ကြီးများနှင့် စစ်လက်နက်ပစ္စည်းများကို တူရကီနိုင်ငံက ဝယ်ယူရန်စီစဉ်နေကြောင်း ကာကွယ်ရေးသတင်းရင်းမြစ်ကိုကိုးကား၍ Middle East Eye သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်က ရေးသားဖော်ပြခဲ့သည်။

အဆိုပါဝယ်ယူရေးနှင့် ပတ်သက်၍ အလားအလာကို တူရကီကာကွယ်ရေးဝန်ကြီး Hulusi Akar နှင့် ဗြိတိန်ကာကွယ်ရေးဝန်ကြီး Ben Wallace တို့ကြား မကြာသေးမီက တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းမှုအဆင့်တွင် ရှိနေသေးသော စစ်လက်နက်ပစ္စည်းများထဲတွင် Eurofighter Typhoons တိုက်လေယာဉ်များ၊ C-130J Super Hercules စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် Type 23 ဖရီဂိတ်စစ်သင်္ဘောများပါဝင်နေသည်။ တူရကီနိုင်ငံသည် M60T ပင်မတိုက်ပွဲဝင်တင့်ကားများအတွက် အင်ဂျင်သစ်များကို ရှာဖွေနေသည့်နိုင်ငံဖြစ်သည်။

ထိုသို့ ရွေးချယ်ဝယ်ယူသွားနိုင်ရေးအတွက် အကဲဖြတ်နေသော်လည်း စေ့စပ်ညှိနှိုင်းမှု၏နောက်ဆုံးအဆင့်သို့မရောက်ရှိသေးကြောင်း သတင်းရင်းမြစ်များထံမှ တစ်ခုကို ကိုးကား၍ Middle East Eye သတင်း ဌာနက ပြောကြားခဲ့သည်။

တူရကီသည် F-16 တိုက်လေယာဉ်အစင်း ၄၀ နှင့် ၎င်း၏ လက်ရှိ F-16 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ရန် အမေရိကန်နှင့် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ တန် သဘောတူညီချက်ရရှိရန်နီးစပ်နေပြီဖြစ်သည်။

သို့သော်လည်း ဆွီဒင်နှင့် ဖင်လန်တို့က NATO အဖွဲ့ဝင်ရန်ဆုံးဖြတ်ချက်ကို တူရကီ၏ သိသာထင်ရှားသောငြင်းပယ်မှုကြောင့် အလားအလာရှိသောရောင်းချမှုကို အမေရိကန်လွှတ်တော်အမတ်များက ပိတ်ပင်တားမြစ်မည်ဟု ကတိပြုခဲ့သည်။

F-16 တိုက်လေယာဉ်များဝယ်ယူရေးနှင့် ဥရောပအိမ်နီးချင်းတချို့ကို NATO အဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စများကို သီးခြားစီရှုမြင်ရမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး Mevlut Cavusoglu က ပြောကြားခဲ့သည်။

"ဒီနေရာမှာအရေးကြီးတာက အစိုးရအုပ်ချုပ်ရေးက ပြတ်ပြတ်သားသားဆုံးဖြတ်မှာလား၊ မဆုံးဖြတ်ဘူးလား ဆိုတာပါပဲ။ ဒီလို ဟန့်တားပိတ်ပင်လာမှုတွေကို ဆန့်ကျင်ပြီး ခိုင်မာတဲ့ရပ်တည်ချက်မျိုးပြသနိုင်ခဲ့ရင် ပြဿနာက ပြေလည်သွားမှာပါ"ဟု တူရကီနိုင်ငံခြားရေးဝန်ကြီး Mevlut Cavusoglu ၏ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့သည် ကွန်ဂရက်လွှတ်တော် အတိုက်အခံများကြားမှ တူရကီသို့ အဆင့်မြှင့် F-16 တိုက်လေယာဉ်များရောင်းချခြင်းကို အပြည့်အဝထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုထားပြီးဖြစ်သည်။

**Turkey Plans to Buy British Warplanes Amid Stalled F-16 Deal With US ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယရေတပ်က Kalvari-Class ရေငုပ်သင်္ဘော Vagir ကို တပ်တော်ဝင်နိုင်ခဲ့

တချက်ရေတပ်၏ တိုက်ခိုက်ရေးစွမ်းရည်ကို အိန္ဒိယသမုဒ္ဒရာဒေသတွင် တိုးမြှင့်လုပ်ဆောင်နေချိန်၌ စီမံကိန်းအမှတ်-၇၅ အောက်တွင် တည်ဆောက်ထားသော Kalvari-Class ရေငုပ်သင်္ဘော Vagir ကို ဇန်နဝါရီ ၂၃ ရက်က တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် အိန္ဒိယရေတပ်၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

စီမံကိန်းအမှတ်-၇၅ အောက်တွင် ရေငုပ်သင်္ဘောခြောက်စီး တည်ဆောက်လျက်ရှိသည်။ ရေငုပ်သင်္ဘော Kalvari၊ Khanderi၊ Karanj နှင့် Vela တို့ကို အိန္ဒိယရေတပ်တွင် တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည်။ ပဉ္စမမြောက်ရေငုပ်သင်္ဘော Vagir ကို တပ်တော်ဝင်နိုင်ခဲ့ပြီး ဆဋ္ဌမနှင့် နောက်ဆုံးရေငုပ်သင်္ဘော Vagsheer ကိုလည်း ရေချနိုင်တော့မည်ဖြစ်ပြီး ပင်လယ်ပြင်တွင် စမ်းသပ်မှုများပြုလုပ်သွားမည်ဖြစ်သည်။

Scorpene ရေငုပ်သင်္ဘောများသည် ရေကြောင်းတိုက်ပွဲများ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ ထောက်လှမ်းရေးသတင်းအချက်အလက်စုဆောင်းမှု၊ မိုင်းခင်းခြင်း၊ နယ်မြေစောင့်ကြပ်ရေး စသည့်ရည်မှန်းချက်တာဝန်တို့ကို ထမ်းဆောင်နိုင်ကြောင်း သိရသည်။ ရေငုပ်သင်္ဘောသည် ရေတပ်၏ အခြားစနစ်အစိတ်အပိုင်းများနှင့် အပြန်အလှန်လုပ်ဆောင်နိုင်စွမ်းရှိကာ စစ်နယ်ဝန်းမရွေး တာဝန်ထမ်းဆောင်နိုင်ရန်ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည်ရေငုပ်သင်္ဘောစစ်ဆင်ရေးများတွင် အသွင်ကူးပြောင်းမှုအပြောင်းအလဲပြုလုပ်၍ အလျင်အမြန်တပ်ဖြန့်အသုံးပြုနိုင်စွမ်းရှိသည်။ Vagir ဟုအမည်ပေးထားသည့် ရေငုပ်သင်္ဘောကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်ကရေချနိုင်ခဲ့ပြီး ပြည်တွင်းထုတ်ရေငုပ်သင်္ဘောများအားလုံးတွင် တည်ဆောက်ချိန်အနည်းဆုံးဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

Vagir ရေငုပ်သင်္ဘောသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ၎င်း၏ပထမဆုံးပင်လယ်ပြင်စမ်းသပ်မှုကို ပြုလုပ်နိုင်ခဲ့ပြီး တာဝန်မထမ်းဆောင်မီတွင် ကျယ်ကျယ်ပြန့်ပြန့် လွဲပြောင်းလက်ခံမှုဆိုင်ရာစမ်းသပ်စစ်ဆေးမှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့သည်။ Scorpene ရေငုပ်သင်္ဘောများသည် အလွန်စွမ်းအားကောင်းပြီး ၎င်းတို့တွင် အဆင့်မြှင့် ကိုယ်ပျောက်အင်္ဂါရပ်များပါရှိကာ တော်ပီဒိုများအပြင် သင်္ဘောဖျက်ဒုံးများပါ တပ်ဆင်ထားသည်။ SONAR နှင့် အာရုံခံကိရိယာအစုံပါရှိသည်။ ၎င်းတို့တွင် တွန်းကန်အားမော်တာအဖြစ် အဆင့်မြင့် Permanent Magnetic Synchronous မော်တာ (PERMASYN) အသုံးပြုထားခြင်းဖြစ်သည်။



ယခင်တရုတ်ဟောင်း Vagir ရေငုပ်သင်္ဘောကို ၁၉၇၃ ခုနှစ် နိုဝင်ဘာ ၁ ရက်က တာဝန်ပေးအပ်ခဲ့ပြီး အဖန့်အတားမဟာဗျူဟာအရ ကင်းလှည့်ခြင်းအပါအဝင် စစ်ဆင်ရေးမစ်ရှင်များစွာကို ထမ်းဆောင်ခဲ့ကြသည်။ အဆိုပါ ခေတ်ဟောင်းရေငုပ်သင်္ဘောသည် နိုင်ငံအတွက် ဆယ်စုနှစ်သုံးခုနီး တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၀၁ ခုနှစ် ဇန်နဝါရီလက တပ်တော်ဝင်ခြင်းမှ ရပ်နားခဲ့သည်။

**https://www.livemint.com/news/india/india-navy-commissions-kalvari-class-submarine-vagir-today-5-points-11674436874153.html ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီက ယူကရိန်းသို့ Leopard 2 တင့်ကားများပေးပို့ရန် သဘောတူခဲ့



ဂျာမနီနိုင်ငံသည် ယူကရိန်းသို့ Leopard 2 တင့်ကားများပေးပို့ရာတွင် ၎င်း၏ ရပ်တည်ချက်ကိုပြောင်းလဲခဲ့ပြီး တင့်ကားများပေးပို့ရန်ဂျာမနီအဓိပတိ Olaf Scholz က သဘောတူခဲ့ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ Der Spiegel က ဇန်နဝါရီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

အပတ်စဉ်ထုတ်ပြန်ချက်အရ ဂျာမနီအဓိပတိ Olaf Scholz သည် တင့်ကားတပ်ခွဲတစ်ခွဲကို အင်အားဖြည့်တင်းဖွဲ့စည်းနိုင်ရန်အတွက် ယူကရိန်းနိုင်ငံကိုလုံလောက်သော သံချပ်ကာယာဉ်များ ပံ့ပိုးပေးရန် သဘောတူညီခဲ့သည်။ အဆိုပါသတင်းရင်းမြစ်တွင် အရေအတွက်အတိအကျကို မဖော်ပြထားသော်လည်း တင့်ကား တပ်ခွဲတစ်ခုတွင် များသောအားဖြင့် အနည်းဆုံး တင့်ကား ၁၆ စီးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါပေးပို့မှုတွင် တိုက်ခိုက်ရေးယာဉ်၏ နောက်ဆုံးထားရှင်းဖြစ်သည့် Leopard 2A6 တင့်ကားများပါဝင်မည်ဟု သိရသည်။

ဂျာမနီလက်နက်ကုမ္ပဏီ Rheinmetall သည် ယူကရိန်းသို့ Leopard 2 မျိုးကွဲ စုစုပေါင်း ၁၃၉ စီးကို ပံ့ပိုးပေးနိုင်ပြီး Leopard 2A4 ၂၂ စီးပါ ပထမအသုတ်သည် တစ်နှစ်စခန့်အတွင်း အဆင်သင့်ဖြစ်မည်ဟုမျှော်မှန်းထားကြောင်း ဇန်နဝါရီ ၂၄ ရက် အစောပိုင်းက ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက Redaktions Netzwerk Deutschland(RND) သတင်းဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

ကုမ္ပဏီသည် အခြားဥရောပနိုင်ငံများနှင့် ဂျာမနီနိုင်ငံ၏ လက်နက်လွှဲပြောင်းမှုအစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ်ပြန်လည်ပြင်ဆင်နေသည့် Leopard 2A4 တင့်ကား ၂၉ စီးကိုလည်း ပိုင်ဆိုင်မှုစာရင်းတွင် ထည့်သွင်းထားပြီးဖြစ်သည်။ အဆိုပါတင့်ကားများသည် တိုက်ပွဲဝင်တပ်ဖြန့်သုံးရန်လုပ်ဆောင်နေမှုများအားလုံးပြီးစီးလုနီးပါးဖြစ်နေပြီး ဧပြီ သို့မဟုတ် မေလတွင် အဆင်သင့်ဖြစ်ရန်မျှော်မှန်းထားသည်။ ကုမ္ပဏီသည် သက်တမ်းကြာမြင့်ပြီဖြစ်သော Leopard 1 တင့်ကား ၈၈ စီးကိုလည်း ပံ့ပိုးပေးနိုင်သည်ဟု ကိုယ်စားလှယ်၏အဆိုအရ သိရပြီး ၁၉၆၀ ပြည့်နှစ်များမှ သံချပ်ကာယာဉ်များ စတင်အသုံးပြုနိုင်မည့်အချိန်ကာလကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တင့်ကားများဆိုင်ရာပြဿနာနှင့်ပတ်သက်၍ ဘာလင်၏သဘောထားကွဲလွဲမှုမှာ ၎င်း၏မဟာမိတ်များဖြစ်သည့် ပိုလန်နိုင်ငံမှ ဂျာမနီအဓိပတိ Olaf Scholz အစိုးရကို ဂျာမနီထုတ် တိုက်ပွဲဝင်တင့်ကားများ လွှဲပြောင်းပေးအပ်ရန် ဝန်လေးနေခြင်းအတွက် ပြင်းထန်စွာဝေဖန်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**Berlin to send Leopard tanks to Ukraine–media ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး





ဆရာတော်ကြီးများက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆရာတော်ကြီးများ သိရှိလိုသည်များကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ယင်းနောက် ဆရာတော်ကြီးများ အမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာပလ္လင်တော်အနီးရှိ သတ်မှတ်နေရာများတွင်နေရာယူကြပြီး ရတနာပလ္လင်တော်၊ ရတနာပလ္လင်တော် အထောက်အကူပြု သံမဏိစင်၊ ဆင်းတုတော်ထည့်သွင်းထားသည့် သံမဏိပန်းတောင်း၊ ဆင်းတုတော်အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်းနေရာလေးခုတို့ကို ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်သည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်သည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်ရာ သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ **“ဇယန္တော ဗောဓိယာမူလေ”**အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ရာတွင် ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိကာ ယနေ့ပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး၏ စုစုပေါင်း အလေးချိန်မှာ တန် ၁၇၀၀ ဖြစ်ကြောင်း၊ အဆိုပါ ဆင်းတုတော် အစိတ်အပိုင်းကြီးကို သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ရတနာပလ္လင်တော်ပေါ်သို့ စတင်ပင့်ဆောင်ခြင်းဖြစ်ပြီး ရတနာပလ္လင်တော်ပေါ်သို့ ရောက်ရှိရန် ပင့်ဆောင်ချိန် ၇၂ နာရီခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၁၉ သို့**



ဓမ္မာစရိယ ၊ တိပိဋကဆရာတော်ဘုရားကြီးတို့အမှူးပြုသည့် သံဃာတော်များအား ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူစဉ်။





ဆရာတော်ကြီးများ၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပြီးစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၆ ရက် ည ၁၂ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၂၆ ဒီဂရီခန့် ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဆက်လက်ပြီး အောင်ဆုမင်္ဂလာအမျှဝေ စာတမ်းလွှာဖတ်ကြား၍ မေတ္တာပို့အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကာ မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ခြင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထည့်သွင်းတည်ဆောက်ခြင်း၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့်ရိုက်နှိပ်ရန် စီမံဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ဝန်းမော်ဆရာတော်ဘုရားကြီး၊ သီတဂူဆရာတော်ဘုရားကြီးတို့ အမှူးပြုသည့်သံဃာတော်များထံမှ ဩဝါဒများကိုခံယူသည်။ ထို့နောက် ဆရာတော်ကြီးများအမှူးပြု၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများ သိရှိလိုသည်များကို ရှင်းလင်းလျှောက်ထားခဲ့ပြီး ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူသည်။

အဆိုပါ "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်**စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုများကို သိရှိနိုင်ရန် X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကာ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့်အခြေအနေများကို လေ့လာတွက်ချက်ခဲ့ကြောင်း၊ ထို့နောက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ၎င်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအားညမနားကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီးအပါအဝင် အခြားသော သာသနိကအဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင်ဆရာတော်ကြီးများ၏ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကသုံးပုံ အဋ္ဌကထာ ဋီကာကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကသုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့်Romanize Language တို့ဖြင့်ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၁၀ ဒသမ ၂ ဒီဂရီခန့် ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၁၉ ဒသမ ၉ ဒီဂရီခန့် ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၂၀ ဒသမ ၆ ဒီဂရီခန့် ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၆ ရက် ည ၁၁ နာရီအချိန်အထိ ရတနာပလ္လင်တော်ထက်သို့ ၂၃ ဒသမ ၅ ဒီဂရီခန့် ပင့်ဆောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ စုပေါင်းကုသိုလ်ပြု



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) နိုလမ်မြို့ရှိ ကောင်းမှုယံစေတီတော်တွင် နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကိုးတောင်ပြည့်ပြည်တော်ဝင်စေတီတော်အား ဌာနဆိုင်ရာတာဝန်ရှိသူများက သန့်ရှင်းရေးနှင့်ထုံးသင်္ကန်းကပ်လှူစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၆**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် ဘုရားစေတီပုထိုးများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြုစုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီး။မြို့နယ်တို့၌လည်းကောင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များကို ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများကပ်လှူခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်စဉ်။

☆ **ငြိမ်းချမ်းရေးဆွေးနွေးမှု**

ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့်သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားတူညီပြီး အပြီးသတ်ရရှိလာသည့်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြပြီးနောက် လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်းတက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့်ဘွဲ့ခံပုဂ္ဂိုလ်များကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင် မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ထိုသို့ချီးမြှင့်အပ်နှင်းရာတွင် ကျန်းမာရေးအရ ထိုင်းနိုင်ငံတွင် ဆေးကုသမှုခံယူနေခဲ့သဖြင့် ဘွဲ့လက်ခံရယူနိုင်ခဲ့ခြင်းမရှိသည့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ JMC-U အဖွဲ့ဝင် သိက္ခာတော်ရဆရာတော် စောမက်သယူးအေးကို ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌လည်းကောင်း၊ ကျန်းမာရေးအရ အိန္ဒိယနိုင်ငံတွင် ဆေးကုသမှုခံယူနေခဲ့သဖြင့် ဘွဲ့လက်မှတ်ရယူနိုင်ခဲ့ခြင်းမရှိသည့် သီရိပျံချီဘွဲ့ရရှိသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် နာယက ဦးနန္ဒကို ၎င်း၏နေအိမ်၌လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို နေအိမ်သို့သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ JMC-U အဖွဲ့ဝင် သိက္ခာတော်ရဆရာတော် စောမက်သယူးအေးထံ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

## ဇန်နဝါရီ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၇၇၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၁၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၆၉ ဦး |

# နှစ်နိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှုသည် (၇၅)နှစ် စိန်ရတုနှစ်ပတ်လည်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ပြုလုပ်ခဲ့သည့် အရှေ့ဖျားစီးပွားရေးဖိုရမ်ကာလအတွင်း နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံခဲ့မှုမှ တစ်ဆင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယသမ္မတနိုင်ငံ (၇၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ



**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Shri Vinay Kumar အိန္ဒိယသမ္မတနိုင်ငံ (၇၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။**



**အိန္ဒိယသမ္မတနိုင်ငံ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော်ခံစဉ်။**

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီး နေအိမ်၌ ကျင်းပသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသော ညှော်သည်တော်များကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Shri Vinay Kumar၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးတို့က အခမ်းအနားတက်ရောက်လာသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ ၃၁၂၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၅၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့အနေဖြင့် ဇန်နဝါရီ ၂၂ ရက်မှ ယနေ့ထိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၁၂၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးသစ်ဖွင့်ပွဲ ပြုလုပ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်တို့က ပြည်ထောင်စုဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၆**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးသစ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဈေးသစ် မုခ်ဦးရှေ့၌ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဈေးသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက် နေ့လယ်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ပဲခူးတပ်နယ် နယ်မြေခံ တပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ပဲခူးတပ်နယ် နယ်မြေခံ တပ်ရင်း၌ ဥအားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၅ ဦးကို ၎င်းကျေးရွာများရှိ ဖြဟွာဝိဟာရဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၉ ဦး၊ ခွဲစိတ်ရောဂါ ၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ဦးရေ ၄၀၊ အရိုးရောဂါ ၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၂၇ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၇ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၆ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြား ရန်ကုန်-မော်လမြိုင် မီးရထားလမ်းကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြားရှိ ရန်ကုန်-မော်လမြိုင် မီးရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြားရှိ ရန်ကုန်-မော်လမြိုင် မီးရထားလမ်းကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်းပေါက်ကွဲမှုကြောင့် ခလွန်ချောင်း တံတားအမှတ်(၄၁)၊ မိုင်တိုင်(၈၈)နေရာ၌ ရထားလမ်းကူး သံပေါင်ဘေလီတံတား အပေါ် မင်းကုန်း (Topcord) တစ်ခုတွင် ခြောက်လက်မခန့် ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရပြီး ရထားဖြတ်သန်းသွားလာနိုင်မှု မရှိကြောင်းသိရသည်။ အဆိုပါနေရာ ပတ်ဝန်းကျင်တစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းခဲ့ရာ တံတားပေါ်တွင်ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်း ၁၀ လုံး ထပ်မံတွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်မဲ့ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ရထားလမ်းကူးတံတားပျက်စီးမှုကို နယ်မြေခံ မြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ပြုပြင်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများ တံတားပေါ်တွင်ထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမုမိုင်းများကို တွေ့ရစဉ်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် ကျေးလက်ကျန်းမာရေးဌာန၊ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ဝဲကြီး ပရိယတ္တိစာသင်တိုက်နှင့် ဥတ္တရသီရိမြို့နယ် ပိုတက်ကျေးရွာ စိုက်ပျိုးရေး KC ရုံးတို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၂၁ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များ၌ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်နှင့် ပရိတ်ကြီး ၁၁ သုတ်မှ ဓဇဂ္ဂသုတ်များ ရွတ်ဖတ်ပူဇော်ကြစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်တွင်းဓမ္မာရုံ၌ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်နှင့် ပရိတ်ကြီး ၁၁ သုတ်မှ ဓဇဂ္ဂသုတ်များ ရွတ်ဖတ်ပူဇော်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော် အေးချမ်းသာယာစေရန်၊ နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ပြည်သူများ စိတ်ကြည်နူးအေးချမ်းစေရန်ရည်ရွယ်၍ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝတ်ရွတ်အသင်းများက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဓမ္မာရုံများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါးပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊တပ်ရင်းများရှိ ဘုရားစေတီပုထိုးများနှင့် ဓမ္မာရုံများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ် ငါးမြို့နယ်ရှိ ဓမ္မာရုံများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ ဓမ္မာရုံများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဝုဏ်ဝေ ပရဟိတကျောင်းတိုက်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မြို့နယ် ခုနစ်မြို့နယ်ရှိ ဓမ္မာရုံများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ မြို့နယ်ရှိ စေတီတော်မြတ်ကြီးများ၊ ဓမ္မာရုံများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်တို့ရှိ ဓမ္မာရုံများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နန်းဦးဆုတောင်းပြည့် ဘုရားဝင်းအတွင်းရှိ ရန်အောင်မြင်ဓမ္မာရုံနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များရှိ ဓမ္မာရုံများ၌လည်းကောင်း အသီးသီး ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် ဝတ်ရွတ်အသင်းများ တက်ရောက်၍ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သက်ဆိုင်ရာဝတ်အသင်းများက အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါး ပါဠိတော်၊ ဓဇဂ္ဂသုတ်အပါအဝင် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ဇယမင်္ဂလာဂါထာတော်များကို အသီးသီး ဆက်လက် ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို အပြည်ပြည်ဆိုင်ရာ One Belt OneRoad ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ One Belt One Road ဥက္ကဋ္ဌ Mr.Chen En Tian ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းက ဆွေမျိုးပေါက်ဖော်များဖြစ်ခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင်လည်း ယနေ့ထိတိုင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အထောက်အထားများစွာရှိကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေစည်းကမ်းများကိုလိုက်နာပြီး ချစ်ကြည်ရင်းနှီးစွာလုပ်ကိုင်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ One Belt One Road ဥက္ကဋ္ဌ Mr.Chen En Tian နှင့်အဖွဲ့က တွေ့ဆုံရခြင်း၏ရည်ရွယ်ချက်များ၊ One Belt One Road ၏ ဆောင်ရွက်နေသည့်စီမံကိန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ဆိုလာပါဝါစနစ်နှင့် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနိုင်မည့်ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို မူဘောင်များနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဆရာတော်ကြီးများမှ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်၊ အပြင်အောင်ခြင်း ရှစ်ပါး ပါဠိတော်နှင့် ဓဇဂ္ဂသုတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့မှ အတွင်းအောင်ခြင်း ရှစ်ပါးနှင့် အပြင်အောင်ခြင်း ရှစ်ပါး ရွတ်ဖတ်ပူဇော်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်များကို အာရုံဆွမ်း ဆက်ကပ်ပြီးနောက် ဘွဲ့နှင်းဓမ္မာရုံတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ဘုန်းကြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော် ၁၈ ပါးက နံနက် ၈ နာရီတွင် ရွတ်ပွားပူဇော်သည့် အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါးနှင့် ဓဇဂ္ဂသုတ်တရားတော်များ နာယူကြည်ညိုကြပြီးနောက် ဝတ်ရွတ်အသင်းအဖွဲ့များက အတွင်းအောင်ခြင်းရှစ်ပါးနှင့် အပြင်အောင်ခြင်းရှစ်ပါး ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ စုံညီပွဲတော်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV-News Channel၊ MRTV တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ MRTV Website နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၂/ ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်**ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

(ဂ) **နိုင်ငံရေးပါတီ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ပါတီ**ဆိုသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်သည့် နိုင်ငံရေးပါတီကိုဆိုသည်။ ယင်းစကားရပ်တွင် ပါတီ၏ပါတီအဖွဲ့ခွဲအဆင့်ဆင့်လည်းပါဝင်သည်။

(င) **ရွေးကောက်ပွဲ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတို့ကိုဆိုသည်။

(စ) **အထွေထွေရွေးကောက်ပွဲ**ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ကော်မရှင်ကသတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။

(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ**ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲရွှေ့ဆိုင်းထားရခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်ကသတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။

(ဇ) **မဲဆန္ဒနယ်**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်ကိုရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကိုဆိုသည်။

(ဈ) **ပါတီပိုင်ပစ္စည်း**ဆိုသည်မှာ ပါတီပိုင်ရန်ပုံငွေနှင့် ပါတီပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကို ဆိုသည်။

(ည) **သာသနာ့ဝန်ထမ်း**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန်အဓိကအားဖြင့် မိမိကိုယ်ကိုဆက်ကပ်ပြီးသောပုဂ္ဂိုလ်ဟု သက်ဆိုင်ရာခရစ်ယာန်အသင်းတော်ကြီးများ (Churches)ကအသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မိမိတို့ကိုးကွယ်သော ဘာသာအရ ဂိုဏ်းချုပ်၏အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်း သို့မဟုတ် အမိန့်ညွှန်ကြားချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင်ပါဝင်သောပုဂ္ဂိုလ်များ၊

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး(ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊

(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ်အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။

(ဋ) **ထောင်ဒဏ်ကျခံနေရသူ** ဆိုသည်မှာ တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူကိုဆိုသည်။ ယင်းစကားရပ်တွင်သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားသော ထောင်ဒဏ်ကျခံနေရဆဲဖြစ်သူလည်းပါဝင်သည်။

## အခန်း(၂)

## နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း

၃။ (က) ပါတီတစ်ရပ်တည်ထောင်၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်လိုသည့် ပါတီတည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးသည် ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပါတီဝင်များကို ဥပဒေနှင့်အညီ စည်းရုံးခွင့်ပြုရန် ကော်မရှင်သို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ယင်းတို့သည် ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သူများဖြစ်သည့်အပြင် ပုဒ်မ ၆ ပါ အချက်များကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားသော လျှောက်လွှာကို လက်ခံရရှိလျှင် ကော်မရှင်သည် လျှောက်လွှာတွင်ဖော်ပြထားသောအချက်များကို စိစစ်၍ဥပဒေနှင့်ညီညွတ်ကြောင်းတွေ့ရှိပါက လျှောက်ထားချက်ကို ခွင့်ပြုရမည်။ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

(ဂ) ပါတီတည်ထောင်လိုသူများသည် ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်ရရှိလျှင် မိမိတို့အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦး တို့ကို ရွေးချယ်ရမည်။

၄။ ပါတီတည်ထောင်လိုသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

(င) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(စ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့်ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူမဟုတ်ခြင်း၊

(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူမဟုတ်ခြင်း။

၅။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့်ဒုတိယခေါင်းဆောင်တို့သည် ကော်မရှင်ကသတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်း၍ မိမိတို့တည်ထောင်လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ပါအချက်များကိုတင်ပြပြီး သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့ လျှောက်ထားရမည်-

(က) တည်ထောင်လိုသောပါတီ၏အမည်၊ အလံနှင့်တံဆိပ်၊

(ခ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်၊

(ဂ) ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ၊

(ဃ) ပုဒ်မ ၄ ပါအချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(င) ပုဒ်မ ၆ နှင့်အညီ ပြုလုပ်ထားသော ဝန်ခံချက်၊

(စ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက်၊

(ဆ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထား၊

(ဇ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၆။ အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ကို ပုဒ်မ ၅ အရ လျှောက်ထားသည့်လျှောက်လွှာတွင် ဖော်ပြရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုမပြုလုပ်ရေး၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေး၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းမပြုရေး။

၇။ အောက်ပါအဖွဲ့အစည်းတစ်ရပ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း၊

(ခ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်ကြေညာခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့်အဖွဲ့အစည်း၊

(ဂ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့်အဖွဲ့အစည်း၊

(ဃ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊

စာမျက်နှာ ၂၅ သို့

**စာမျက်နှာ ၂၄ မှအဆက်**

သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ဩဇာခံယူခြင်း ပြုသည့်အဖွဲ့အစည်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသောအဖွဲ့အစည်း။

၈။ (က) ပုဒ်မ ၅ ပုဒ်မခွဲ(က)အရ ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို ရှောင်ရှားရမည်။

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့သည် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့် တူညီနေလျှင်သော်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်နေလျှင်သော်လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် လျှောက်လွှာကိုပယ်ရမည်။

၉။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်အခါ ကော်မရှင်သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ် ညီညွတ်ခြင်းမရှိပါက မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၁၀။ ပါတီဝင်များစည်းရုံးရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည်-

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

(င) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(စ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့်အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသူမဟုတ်ခြင်း၊

(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ခြင်း၊

(ဈ) အခြားနိုင်ငံရေးပါတီတစ်ခုခု၏ပါတီဝင်မဟုတ်ခြင်း၊

(ည) ပုဒ်မ ၆ ပါ အချက်များကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူဖြစ်ခြင်း။

၁၁။ ပါတီတစ်ခုသည် ပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍-

(က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော ပါတီဝင်ခွင့်လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများ ကောက်ခံခြင်းနှင့်စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ခ) ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးပြီးသော ပါတီဝင်အင်အားစာရင်းကို ပြုစုထားရှိပြီး ယင်းစာရင်းကို သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့တင်ပြရမည်။

## အခန်း(၃)

## ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း

၁၂။ (က) ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ-

(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်)မဲဆန္ဒနယ်အားလုံး၏ထက်ဝက်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) အနည်းဆုံးမဲဆန္ဒနယ်တစ်နယ်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊

(၃) လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊

**ရှင်းလင်းချက်**။ ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်မရှိပါက အထက်ပါပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်စေရ။

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(၅) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသောအဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(၆) ပုဒ်မ ၆ ပါ ဝန်ခံချက်တစ်ရပ်ရပ်ကို စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ခြင်း၊

(၇) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

**ခြွင်းချက်**။(၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သော ပုဂ္ဂိုလ်များ၏ အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်းမပါဝင်၊

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သော ပုဂ္ဂိုလ်များအား ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံပိုင်လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့ မပါဝင်။

(၈) ပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားရှိခြင်း၊

(၉) ပုဒ်မ ၅ ပုဒ်မခွဲ (စ)ပါ သတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို စည်းရုံးမှုမပြုနိုင်ကြောင်း တွေ့ရှိခြင်း၊

(၁၀) ပုဒ်မ ၅ ပုဒ်မခွဲ (ဇ)ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း တွေ့ရှိခြင်း။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ (က)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ယင်းပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၃။ ပါတီတစ်ခုသည် ပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါ အနည်းဆုံး ပါတီဝင်အရေအတွက်ကို သတ်မှတ်ထားသည့်ရက်အတွင်း စည်းရုံးရရှိပြီးကြောင်း ကော်မရှင်သို့တင်ပြရမည်။ ယင်းသို့ တင်ပြပြီးသည့်နောက်ပိုင်းတွင် ယင်းပါတီ၏ ပါတီဝင်အရေအတွက်မှာ သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အရေအတွက်အောက် လျော့နည်းသွားပါက ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များအတိုင်း ပြည့်မီစေရေးအတွက် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

## အခန်း(၄)

## ရန်ပုံငွေနှင့်ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁၄။ ပါတီပိုင်ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သတ်မှတ်သည့်အတိုင်း စာရင်းများ စနစ်တကျပြုစုထားရှိခြင်းတို့ကို အောက်ပါပုဂ္ဂိုလ်များက တာဝန်ယူဆောင်ရွက်ရမည် -

(က) ပါတီဌာနချုပ်အတွက်ဖြစ်လျှင် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီများအတွက် ဖြစ်လျှင် သက်ဆိုင်ရာပါတီအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပါတီအတွက် ဖြစ်လျှင် သက်ဆိုင်ရာစည်းရုံးရေးမှူး။

၁၅။ (က) ပါတီပိုင်ရန်ပုံငွေကို အောက်ပါအတိုင်း ကောက်ခံစုစည်း၍ စာရင်းပြုစုထားရမည် -

(၁) ပုဒ်မ ၁၁ အရ ကောက်ခံရရှိထားသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး၊

(၂) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့ကဖြစ်စေ ၎င်းတို့တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း၊

(၃) ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသောငွေနှင့် အမြတ်အစွန်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့အရ ရရှိသောငွေကြေး၊ ပစ္စည်းများပေါ်တွင် ထမ်းဆောင်ရမည့်အခွန်အခများကို ကင်းလွတ်ခွင့်ပြုသည်။

၁၆။ ပါတီတစ်ခုသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း-

(က) မိမိပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသောအသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

(ခ) အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသောလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သတ်မှတ်ထားသော အသုံးစရိတ်များကိုသုံးစွဲခွင့်ရှိသည်။

၁၇။ ပါတီတစ်ခုသည် မိမိ၏နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

၁၈။ ပါတီတစ်ခု၏စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

၁၉။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပုဒ်မခွဲ (က)အရ အပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၅)

## အထွေထွေ

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

(ခ) မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၂၁။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ ပါတီအဆင့်ဆင့်ဖွဲ့စည်းမှုသည် အုပ်ချုပ်ရေးဆိုင်ရာ နယ်နိမိတ်အတိုင်းဖြစ်စေရမည်။

၂၃။ ကော်မရှင်သည် ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကော်မရှင်ကိုယ်စားကြီးကြပ်ရန် တာဝန်ပေးအပ်နိုင်သည်။

၂၄။ (က) ပါတီတစ်ခုသည် ဤဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း ကော်မရှင်ကတွေ့ရှိလျှင် ကော်မရှင်သည် ထိုပါတီအား လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ခ) ပါတီတစ်ခု၏ ပါတီတွင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးဦးက ကော်မရှင်သို့ တင်ပြတိုင်ကြားလာပါက ကော်မရှင်သည် စုံစမ်းစစ်ဆေး၍ လိုအပ်လျှင် နိုင်ငံတော်၏အကျိုးငှာ ထိုပါတီအား လိုက်နာဆောင်ရွက်ရမည့်အချက်များကို အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)အရ ညွှန်ကြားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို သုံးနှစ်အထိ ယာယီရပ်ဆိုင်းနိုင်သည်။

**စာမျက်နှာ ၂၆ သို့**

စာမျက်နှာ ၂၅ မှအဆက်

(ဃ) ပုဒ်မခွဲ (ဂ)အရ ပါတီ၏မှတ်ပုံတင်ထားခြင်းကို ယာယီရပ်ဆိုင်းခြင်းခံရလျှင် ယင်းပါတီသည် ထိုယာယီရပ်ဆိုင်းထားသောကာလအတွင်း ကော်မရှင်က ညွှန်ကြားထားသောလုပ်ငန်းများမှအပ ပါတီ၏ကျန်လုပ်ငန်းအားလုံးကို ရပ်ဆိုင်းထားရမည်။

(င) ပုဒ်မခွဲ (ဂ)ပါ ထိုယာယီရပ်ဆိုင်းထားသည့် ကာလကုန်ဆုံးသည်အထိ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၂၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/ ၂၀၁၀) အရ တည်ရှိနေသောပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဤဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/ ၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်းကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရှိ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီး ဘော်လီဘောဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သက်အောင်၊ ဗိုလ်ချုပ်နေမျိုးဦး၊ ဗိုလ်မှူးချုပ်လှမိုး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျောင်းသား၊ ကျောင်းသူ အားကစားမောင်မယ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇန်နဝါရီ ၂၇ ရက်တွင် ဘောလုံး အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၉၀၀ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၈၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၄ | ၂၂၃၁ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (50 ppm) | ၂၄၀၃ | ၂၄၈၁ |
| HSD (10 ppm) | ၂၄၀၃ | ၂၄၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ်ရှိ မြစ်လေးစင်းကို ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သဖြင့် အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထား




**ကွာလာလမ်ပူ ဇန်နဝါရီ ၂၆**

မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ်တွင် ပြီးခဲ့သောသီတင်းပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့်ခရိုင်အများအပြားတွင် မြစ်ရေများမြင့်တက်လာသဖြင့် ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ပြည်နယ်အတွင်းရှိ မြစ်လေးစင်းကို ရေကြီးရေလျှံမှု အနီရောင်အဆင့်သတိပေးချက်ကို ဇန်နဝါရီ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်ဟု The Straits Times သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ဂျိုဟာပြည်နယ်တွင် ပြီးခဲ့သောသီတင်းပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသဖြင့် ပြည်နယ်အတွင်းရှိ မြစ်များအားလုံး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေးဒုက္ခသည်အရေအတွက်သည် ၁၀၉၃ ဦးထိ မြင့်တက်လာခဲ့ကာ လူသေဆုံးမှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ အရှေ့ဘက် ဂျိုဟာပြည်နယ်၏ အလယ်ပိုင်းရှိ ကလောင်းခရိုင်၊ စီဂါမက်ခရိုင်၊ ကိုတာတင်ဂီခရိုင်တို့တွင် ရေလွှမ်းမိုးမှု အပြင်းထန်ဆုံးဖြစ်ပြီး သေဆုံးသူအများစုမှာ စီဂါမက်ခရိုင်မှဖြစ်ကာ မြစ်ကမ်းနားတွင် နေထိုင်ကြသောကျေးရွာများမှဖြစ်ကြောင်း သိရသည်။

ဂျိုဟာပြည်နယ်အတွင်းရှိ မြစ်လေးစင်းကို ရေကြီးရေလျှံနိုင်သဖြင့် အနီရောင်အဆင့်သတ်မှတ်ခဲ့ကာ မြစ်နှစ်စင်းကိုမူ လိမ္မော်ရောင်အဆင့်သတ်မှတ်ခဲ့ပြီး အဆိုပါမြစ်များအနီးတွင် နေထိုင်သူများကို ကယ်ဆယ်ရေးစခန်းများတွင် သွားရောက်နေထိုင်ကြရန် ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ဇန်နဝါရီ ၂၄ ရက်က သတိပေးခဲ့ကြောင်း သိရသည်။

ရေကြီးမှုများကြောင့် ကလောင်းခရိုင်နှင့် ကိုတာတင်ဂီခရိုင်တို့ရှိ ရေလွှမ်းမိုးမှုဖြစ်ပွားနေသော နေရာများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊ မလေးရှားမိုးလေဝသဌာန၏ နောက်ဆုံးသတင်းများကို အမြဲသတိပြုနားထောင်ရန်နှင့် အန္တရာယ်များသောဒေသတွင် နေထိုင်သူများအနေဖြင့် အာဏာပိုင်များ၏ ဖယ်ရှားမှုကို မစောင့်ဘဲ ကယ်ဆယ်ရေးနေရာများသို့ ထွက်ခွာကြရန် မြို့ပြကာကွယ်ရေးဒါရိုက်တာ Kamal Mokhtar က ပြောကြားခဲ့သည်။

AZH

# ကမ္ဘာကြီးပူနွေးလာမှုကြောင့် တူရကီနိုင်ငံ၏ တတိယအကြီးဆုံးမြို့တွင် မိုးခေါင်ရေရှားမှုကြုံတွေ့နေရ

**အင်ကာရာ ဇန်နဝါရီ ၂၆**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် တူရကီနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သော Izmir မြို့တွင် အဓိက ရေအရင်းအမြစ်များ လျော့နည်းလာပြီး ပျမ်းမျှအပူချိန် ပိုမိုမြင့်တက်လာကာ မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရကြောင်း ပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ဇန်နဝါရီ ၂၅ ရက်က ကြေညာထားသည်ဟု Daily Sabah သတင်းဌာနက ရေးသားဖော်ပြထားသည်။

ရာသီဥတု ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းလုံးကို ထိခိုက်စေလျက်ရှိပြီး Aegean ကမ်းရိုးတန်းတွင်တည်ရှိသော တူရကီနိုင်ငံ၏ တတိယအကြီးဆုံး မြို့ဖြစ်သည့် Izmir တွင် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုအဖြစ် ပိုမိုခြောက်သွေ့လာကြောင်းနှင့် ပျမ်းမျှအပူချိန် တဖြည်းဖြည်းမြင့်တက်လာပြီး မိုးခေါင်ရေရှားမှု ကြုံတွေ့နေရကြောင်း အဏ္ဏဝါသိပ္ပံနှင့်နည်းပညာ တက္ကသိုလ်မှ ရာသီဥတုဆိုင်ရာကျွမ်းကျင်သူပါမောက္ခ Dogan Yasar က ပြောကြားခဲ့သည်။

Izmir မြို့၏ အဓိကရေအရင်းအမြစ်ဖြစ်သည့် Tahtal ဆည်သည် ယခင်နှစ်က ရေသိုလှောင်နိုင်မှုပမာဏ ၅၅ ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင် ၃၉ ရာခိုင်နှုန်းသာသိုလှောင်ထားနိုင်ခဲ့ရာ ၁၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၎င်းရေပမာဏသည် Izmir မြို့၏ လူဦးရေနှင့် သုံးစွဲမည်ဆိုပါက ရက်ပေါင်း ၂၀၀ သာ သုံးစွဲနိုင်မည်ဖြစ်ပြီး နွေရာသီရေရှားပါးမှုဒဏ်ကို ခံစားရမည့်လက္ခဏာဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

ရာသီအလိုက် ယခင်စံချိန်စံညွှန်းများထက်အပူချိန်ပိုလာခြင်း၊ မြေအောက်ရေများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ မိုးရွာသည့်ရက်အရေအတွက် ကျဆင်းလာခြင်းတို့ကြောင့် Izmir မြို့၏ရေကန်များ၊ အဓိက ရေပေးဝေလျက်ရှိသော Tahtal ဆည်နှင့် ရေအရင်းအမြစ်ပေါင်း ၅၀ ကျော် လျော့နည်းခန်းခြောက်လျက်ရှိကြောင်း၊ တူရကီနိုင်ငံတွင် ဆိုးရွားသောရေစီမံခန့်ခွဲမှုပြဿနာတစ်ခုရှိနေပြီး မကြာမီလများအတွင်း ရေသုံးစွဲမှုနှင့်ပတ်သက်သည့် ရေစီမံခန့်ခွဲမှုဥပဒေတစ်ရပ် ပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

AZH

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး နေအိမ်တချို့ပျက်စီး

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဇန်နဝါရီ ၂၄ ရက်က အားကောင်းသည့်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လူနေအိမ်တချို့ပျက်စီးသွားခဲ့ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NTD သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် လူနေအိမ်ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့်မြို့မှာဟောက်စတန်မြို့ဖြစ်ပြီး အိမ်ခေါင်မိုးများ အဓိကကွာကျခဲ့ခြင်းဖြစ်ကြောင်း၊ လူနေအိမ်များပျက်စီးမှုကြောင့် ဒေသခံတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာပြင်းထန်သူမရှိခဲ့သလို သေဆုံးသူလည်းမရှိခဲ့ကြောင်း တက္ကဆက်ပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းကြောင့် စက်ရုံအဆောက်အအုံအနည်းငယ်ပျက်စီးခဲ့ပါတယ်။ ဒါပေမဲ့ စက်ရုံထဲက စနစ်တွေတော့ ပျက်စီးမှုမရှိခဲ့ပါဘူး။ အခြေအနေတွေကိုတော့ စောင့်ကြည့်နေပါတယ်"ဟု Shell Chemicals အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကာတစ်စမစ်က ပြောကြားခဲ့သည်။



မုန်တိုင်းသည် တက္ကဆက်ပြည်နယ်အရှေ့ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်လျက်ရှိပြီး ဟောက်စတန်မြို့ အရှေ့ဘက်ပိုင်း ၂၅ မိုင်အကွာထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် စီးပွားရေးအဆောက်အအုံတချို့၊ လူနေအိမ်များနှင့် ဓာတ်တိုင်တချို့လဲကျမှုဖြစ်ပွားခဲ့ကြောင်း၊ ပျက်စီးခဲ့သည့်အဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ဓာတ်တိုင်များလဲကျမှုကြောင့် ဟောက်စတန်မြို့တွင် လူနေအိမ်များလျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရကြောင်း၊ မုန်တိုင်းကြောင့် မီးရထားလမ်းများလည်းပျက်စီးခဲ့ပြီး မော်တော်ယာဉ်အမြောက်အမြားပျက်စီးခဲ့ကြောင်း၊ မုန်တိုင်းဒဏ်မှာ ဘေတောင်းမြို့ထိရောက်ရှိခဲ့ပြီး ဘေတောင်းမြို့တွင်လည်း စီးပွားရေးအဆောက်အအုံတချို့၊ လူနေအိမ်တချို့ လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

နိုင်းဆက်

# နီပေါနိုင်ငံ အနောက်ဘက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၆**

နီပေါနိုင်ငံ အနောက်ဘက်ပိုင်းတွင် ဇန်နဝါရီ ၂၄ ရက်က ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နီပေါအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု IT သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်အားကောင်းခဲ့သည့်အတွက် လူနေအိမ်အမြောက်အမြားပျက်စီးခဲ့ပြီး ပျက်စီးခဲ့သောလူနေအိမ်များမှဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ မြေငလျင်သည် ဆူဒါပါချင်မ်ပြည်နယ် ဘာဂျူရာခရိုင်ရှိ မဲလာဒေသတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး လူတစ်ဦးသေဆုံးခဲ့ကာ သေဆုံးသူတစ်ဦးမှာလည်းမဲလာဒေသခံဖြစ်ကြောင်း၊ သေဆုံးသူမှာ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ခြံရှင်းနေစဉ်အတွင်း ကျောက်တုံးပြိုကျကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ မြေပြိုကျမှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မြေပြိုကျမှုကြောင့် သိုးအကောင်ရေ ၄၀ ကျော် သေဆုံးခဲ့ကြောင်း၊ မြေငလျင်ကြောင့် လူနေအိမ်များပျက်စီးခဲ့သည့် ဧရိယာများတွင် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးမှုပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီ ၂၄ ရက်က မဲလာဧရိယာအနီးမှာ ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူးရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်အားကောင်းခဲ့တဲ့အတွက် မြေငလျင်လှိုင်းဟာ ဘာဂျူရာခရိုင်ရဲ့ နေရာတော်တော်များများကို ပျံ့နှံ့ရောက်ရှိခဲ့ပါတယ်။ မြေငလျင်ပြင်းအားများခဲ့ပေမဲ့ နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းတော့ ဝင်ရောက်လာဖွယ်မရှိပါဘူး"ဟု နီပေါအမျိုးသားမြေငလျင်စောင့်ကြည့်ရေးနှင့်သုတေသနစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ဒဏ်သင့်ခဲ့သောဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများအပြင် နီပေါတပ်မတော်သားများနှင့် နီပေါရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေပြီး မြေပြိုကျခဲ့သည့်ဧရိယာများ၌ ရှင်းလင်းရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေကြောင်း နီပေါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နိုင်းဆက်

# တောင်အာဖရိကနိုင်ငံ ကိပ်မြောက်ဘက်ပိုင်းတွင် အပူလှိုင်းကြောင့် လူရှစ်ဦးသေဆုံး

**ပရီတိုးရီးယား ဇန်နဝါရီ ၂၆**

တောင်အာဖရိကနိုင်ငံ ကိပ်မြောက်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဇန်နဝါရီ ၂၄ ရက်က ဒေသခံရှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တောင်အာဖရိကနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Nation Africa သတင်းဌာနက ဇန်နဝါရီ ၂၅ ရက်က ရေးသားဖော်ပြခဲ့သည်။

သေဆုံးသူအများစုမှာ တောင်သူများဖြစ်ကြပြီး အပူလှိုင်းဖြတ်သန်းချိန် အမိုးအကာမရှိသည့်နေရာများတွင် အလုပ်လုပ်ကိုင်နေစဉ် ရုတ်တရက် လဲကျသေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပွားခဲ့ပြီး အပူချိန်မြင့်တက်ချိန်၌ အမိုးအကာမရှိသည့် ဧရိယာများတွင် ချွေးထွက်များသည့် အလုပ်များ လုပ်ကိုင်ခြင်းသည် အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်ဟု အာဏာပိုင်အဖွဲ့အစည်းက အပူလှိုင်းဖြတ်သန်းသည့် ဧရိယာများတွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"အပူလှိုင်း ဖြတ်သန်းတာကြောင့် ကိပ်မြောက်ဘက်ပိုင်းမှာ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်ပြီး ဒေသခံရှစ်ယောက်သေဆုံးခဲ့ပါတယ်။ အပူလှိုင်း အဓိကဖြတ်သန်းနေတဲ့ နေရာတွေကတော့ တောင်အာဖရိကနိုင်ငံ၊ နမီးဘီးယားနိုင်ငံနဲ့ ဘော့ဆွာနာနယ်စပ်ဧရိယာတွေဖြစ်ပါတယ်။ ကိပ်မြောက်ဘက်ပိုင်းဧရိယာတွေအနေနဲ့ ပြင်းထန်တဲ့အပူချိန်ကို ကာလတစ်ခုထိရင်ဆိုင်ရဖွယ်ရှိနေပါတယ်"ဟု တောင်အာဖရိကအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်ကာရင်က ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းနေသောဧရိယာများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး တောင်အာဖရိက မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ အပူလှိုင်းဖြတ်သန်းမှုသည် လာမည့်ရက်သတ္တပတ်မှသာ အခြေအနေတည်ငြိမ်သွားဖွယ်ရှိနေကြောင်း သိရသည်။

နိုင်းဆက်

# လူချွန်လူကောင်းလေးများ၏ ပေါင်းစုအားငင် မိတ်ဆွေများကိုမြင်စေချင်

လူချွန်လူကောင်းများတို့ ××× ပေါင်းစုအားငင် ×××ကျွန်တော့်မိတ်ဆွေတွေကို ××× ကြည်ညိုစွာ မြင်လိုက်ချင် ××× မြန်မာ့သားကောင်းများကို ဆိုတီးမှုနဲ့ပင် ရှိသေခင်မင် ××× အားတက်အလေးပြုလျက်ပဲအစဉ်။

ကစားခုန်စားစွမ်းအားဘက်တွင် ××× စံချိန်ရင်ဘောင် တန်းလိုက်လျှင်ပင် ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင် ××× သန်မြန်ယောကျ်ား ဘသားပင်။

အထက်ပါသီချင်းပိုဒ်တချို့သည် အလင်္ကာကျော်စွာမြို့မငြိမ်းရေးစပ်ပြီး အဆိုတော်ကိုအံ့ကြီးနှင့် ဂန္ထဝင်အဆိုတော်မာမာအေးတို့ သီဆိုထားသော **လူချွန်လူကောင်း** အမည်ရှိ တေးသီချင်းမှဖြစ်သည်။ အလွန်လေးနက်အဓိပ္ပာယ်ရှိပြီး နိုင်ငံ့အကျိုးပြု တေးသီချင်းဖြစ်သဖြင့် သီချင်းတစ်ပုဒ်လုံးကို ဖော်ပြလိုသော်လည်း ဆောင်းပါးရှည်မည်စိုးသောကြောင့် ယခုမျှသာ ဖော်ပြလိုက်ရပါသည်။

**စည်ကားသိုက်မြိုက်သော အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း B ရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများနှင့် ပညာရေးဝန်ကြီးဌာနနှင့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာ ကျောင်းသားအားကစားပွဲတော်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အခြေခံပညာကျောင်းသားအားကစားပွဲတော် အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များကစုပေါင်းသယ်ယူ၍ လွှင့်တင်ကြပြီး ကျောင်းသားအားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာကျောင်းသား အားကစားအဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ်အတွဲ(၃/၄) နှင့် Physical Fitness Dance အစီအစဉ်များကို သရုပ်ပြတင်ဆက်ကြသည်။

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အဖွင့်ပြောကြားမှာစကား**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "ယခု ကျင်းပသည့် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး(အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)နှင့် ပိုက်ကျော်ခြင်း(အမျိုးသား) အားကစားနည်းများကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ အားကစားဆိုသည်မှာ "**အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်တာမျိုးမဟုတ်ဘဲ စွဲရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှု**" စသည်တို့ကိုပါ ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်းနှင့် ယခုကျင်းပသည့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်မှ အရည်အချင်းရှိသည့် အားကစားသမားများကို နိုင်ငံ့ကိုယ်စားပြုအဖြစ် အာဆီယံကျောင်းသားအားကစားပွဲတွင် ယှဉ်ပြိုင်ရန် ရွေးချယ်မည်ဖြစ်ကြောင်း" အကျယ်တဝင့် ပြောကြားပါသည်။

**အားကစားမောင်မယ်များတစ်ခဲနက်ပါဝင်ပြည့်တစ်ခွင်**

ယခုပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူစုစုပေါင်း ဦးရေ ၁၆၈၀ ပါဝင်ပြီး စနစ်တကျ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

**နိုင်ငံတော်၏မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့်အညီ**

နိုင်ငံတိုင်းတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားနေမှသာ ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများ တိုးတက်ပြီး သာယာဝပြောသော နိုင်ငံတစ်နိုင်ငံအဖြစ် ရေရှည်တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ဤအချက်သည် အမြဲမှန်ကန်နေသော နိယာမတစ်ခုဟု ဆိုချင်ပါသည်။ မိမိတို့နိုင်ငံတော်အနေဖြင့်လည်း အဆိုပါအချက်ကို အလေးအနက်ထားပြီး မျှော်မှန်းချက်၊ ဦးတည်ချက်များထားကာ ဆောင်ရွက်လျက်ရှိပါသည်။

ဦးတည်ချက် (၄) ရပ်တွင် ပါရှိသည့်အတိုင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် အရေးကြီးပေသည်။ ထိုအချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ပညာရေးအပြင် အားကစားကဏ္ဍပါ ဖွံ့ဖြိုးရန်လိုသည်။ အားကစားဆိုသည်မှာ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များသာမက ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်သော အရာဖြစ်သဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်**

ဤတွင် အလျဉ်းသင့်၍ စာရေးသူ ပညာရေးတက္ကသိုလ်နှစ်ခုစလုံးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အားကစားနှင့်ပညာရေးကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပညာရည်မြင့်မား၍ အားကစားထူးချွန်သော ကျောင်းသား၊ ကျောင်းသူ များစွာပေါ်ထွက်ခဲ့သော အကျိုးရလဒ်ကို အတွေ့အကြုံအနေဖြင့် တင်ပြလိုသည်။

ထိုစဉ်က ပညာရေးဝန်ကြီးဌာနတွင် အားကစားနှင့်ပညာရေး ပေါင်းစပ်မှုကော်မတီ (ယခုလည်းရှိမည်ထင်ပါသည်) ဖွဲ့စည်းပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ဥက္ကဋ္ဌအဖြစ် စီမံဆောင်ရွက်ခဲ့ပါသည်။

စာရေးသူတို့ ရန်ကုန်ပညာရေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကိုရွေးချယ်၍ အားကစားဝန်ကြီးဌာနမှ အားကစားနည်းပြများဖြင့် ဘောလုံး၊ ဘော်လီဘောနှင့် ကြက်တောင်ရိုက်ကစားနည်းများသာမက တတ်မြောက်ရန်ခက်ခဲ၍ ကျွမ်းကျင်မှုလိုအပ်သော ကစားနည်းများဖြစ်သည့် မြားပစ်၊ လှေလှော်၊ ရေကူး၊ ကာယဗလ၊ ကာယအလှ၊ ပြေးခုန်ပစ် အစရှိသည့် ကစားနည်းများကို စနစ်တကျ လေ့ကျင့်သင်ယူစေခဲ့ရာ ဉာဏ်ရည်ထက်သော ကျောင်းသား၊ ကျောင်းသူများပီပီ အလွယ်တကူ မြန်မြန်ဆန်ဆန် တတ်မြောက်ကြောင်း တွေ့ရှိရသည်။

ဒုတိယဝန်ကြီးကိုယ်တိုင်ဦးဆောင်ပြီး အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံ့လက်ရွေးစင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ အားကစားမောင်မယ်များက ဆုတံဆိပ်များစွာရယူ၍ နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသည်။ အားကစားသမားရှားပါးသော မြားပစ်ကစားနည်းကိုပင် စာရေးသူတို့တက္ကသိုလ်မှကျောင်းသား၊ ကျောင်းသူများက ထူးချွန်စွာကစားနိုင်ခဲ့ကြသည်။

အမှန်အားဖြင့် ကျောင်းသား၊ ကျောင်းသူလေးများသည် ငယ်ရွယ်နုပျိုလန်းဆန်းတက်ကြွသော အရွယ်များဖြစ်ကြသဖြင့် ပညာရည်မြင့်မားတိုးတက်ရေးသာမက အားကစားကိုပါ တစ်ပြိုင်နက်လုပ်ဆောင်နိုင်သောစွမ်းရည်ရှိကြောင်း ဆေးပညာမှတ်တမ်းများအရ သိရှိရသည်။ ထို့ကြောင့် ပညာရေးသာမက မိမိတို့ဝါသနာပါရာ အားကစားနည်းများကိုပါ လေ့လာလိုက်စားသင့်ပါသည်။

**အသည်းခိုက်သည့်စကားသံများ**

ယခုကျင်းပလျက်ရှိသော အခြေခံပညာကျောင်းသား အားကစားပွဲတော်နှင့်ပတ်သက်သည့်သတင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) က အားကစားပွဲတော်ဖွင့်ပွဲကျင်းပသည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှစတင်၍ ထုတ်လွှင့်ပြသခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိခြင်းတို့ကြောင့် အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူလေးများ၏ အားကြိုးမာန်တက် ပျော်ရွှင်စွာကစားနေကြပုံများ၊ မြန်မာ့ရုပ်မြင်သံကြားမှ သိရှိလိုသည့် မေးခွန်းများကို ဖြေကြားနေသည့် အုပ်ချုပ်သူ၊ နည်းပြများ၏ စကားသံများနှင့် အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူလေးများ၏ စကားသံများကို ကိုယ်တိုင်ကြားသိရသဖြင့် ဝမ်းသာမိပါသည်။ စာရေးသူကဲ့သို့ပင် အခြားမိဘပြည်သူများလည်း ကြားသိကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

အထူးသဖြင့် အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူလေးများ၏ စကားသံများက ပိုမိုချစ်စဖွယ်ကောင်းသည်။ တိုင်းရင်းသား၊ တိုင်းရင်းသူ ကျောင်းသား၊ ကျောင်းသူလေးများ၏ စကားသံဝဲဝဲလေးများကို အာရုံစိုက်နားထောင်ရသည်ကပင် ဆွဲဆောင်မှုတစ်ခုဖြစ်သည်။ စာရေးသူ၏ အသည်းဘဝင်ကိုခိုက်စေသော စကားသံမှာ "တိုင်းနဲ့ပြည်နယ်အသီးသီးမှ ညီအစ်ကိုမောင်နှမများနဲ့ နေပြည်တော်မှာ အခုလို တစ်စုတစ်ဝေးတည်း ခင်မင်ဆုံတွေ့ရလို့ သမီး ဝမ်းသာပျော်ရွှင်မိပါတယ်။ နောင်လည်း အခုလို ဆုံတွေ့ချင်ပါတယ်"ဟု အရွယ်နှင့်မမျှ မြန်မာ့ရုပ်မြင်သံကြားကမေးမြန်းသည်ကို ပြန်လည်ဖြေကြားသွားသော အားကစားမယ်ကျောင်းသူလေးတစ်ဦး၏ စကားသံပင်ဖြစ်သည်။ စာရေးသူအဖို့ အမှန်တကယ်ပင် ခံစားမိပါသည်။

(သြော်. . . နိုင်ငံတော်အကြီးအကဲတွေဟာ အတော် အမြော်အမြင်ကြီးမားပါလား၊ အခုလို ကျောင်းသားအားကစားပွဲတော်ကြီး ကျင်းပပေးတာဟာ ပညာရေးနှင့် အားကစားအတွက်သာမကဘဲ တိုင်းရင်းသားလူငယ်အချင်းချင်း ငယ်စဉ်ကတည်းက တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေထိုင်သွားတတ်အောင် "ပြည်ထောင်စုစိတ်ဓာတ်" မွေးပေးလိုက်တာပါလားဟု ထင်မြင်ခံစားမိပါသည်။)

**ဂုဏ်ပြုကဗျာ နိဂုံးစာ**

ယခုကျင်းပလျက်ရှိသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကြီး အောင်မြင်ချောမောစွာပြီးမြောက်ပါစေ၊ အားကစားမောင်မယ် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူလေးများမှအစ ပွဲတော်ကြီးတွင်ပါဝင်ဆောင်ရွက်ကြသော ပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ၊ နိုင်ငံ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူလေးများအား အောက်ပါကဗျာဖြင့် ဂုဏ်ပြုနှုတ်ဆက်အပ်ပါသည်။

| | |
|---|---|
| "မြန်မာနိုင်ငံပြီ | တို့မြန်မာနိုင်ငံပြီ" |
| သာကြည်သီချင်း | သီဆိုရင်းဖြင့် |
| ရင်တွင်းပီတိ | ဝမ်းဆီထိကာ |
| အမိနိုင်ငံ | တို့အလံကို |
| ဝေယံလွှင့်ထူ | အောင်လံယူသည့် |
| ဇမ္ဗူထိပ်ခေါင် | အား/ကာမောင်သို့ |
| အမောင်ကျောင်းသား | သင်ကြိုးစားလော့ |
| သင့်တိုင်းအကျိုး | သင်သယ်ပိုးလော့ |
| သင်၏ပြည်နယ် | သင်တကယ်ပင် |
| လူငယ်ဖြစ်ငြား | သင်ကြိုးစားလော့ |
| အားကစားဖြင့် | မြန်ဂုဏ်တင့်အောင် |
| အသင့်နိုးကြား | သင်ကြိုးစားလော့ |
| တအားမွန်မြတ် | သင့်လုပ်ရပ်ကို |
| မပြတ်အားပေး | တို့မနေးဘဲ |
| ခွန်းထွေးပျူငှာ | ကြိုဆိုပါသည် |
| ပညာပန်းခင်း | ရနံ့သင်းကြောင့် |
| ဆောင်းတွင်းဟန်ဖြင့် | ပန်သင့်သည် |
| ပင်မြင့်သဇင် | ပန်းတော်ဝင်နှင့် |
| နှိုင်းယှဉ်ညွှန်းဆို | ဂုဏ်ပြုလိုသည် |
| ပင်ကိုရနံ့ | သင်းပါစေ။ ။ |

**မောင်စိန်(ပညာရေးတက္ကသိုလ်)**

❖ စာရေးသူတို့ ရန်ကုန်ပညာရေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကိုရွေးချယ်၍ အားကစားဝန်ကြီးဌာနမှ အားကစားနည်းပြများဖြင့် ဘောလုံး၊ ဘော်လီဘောနှင့် ကြက်တောင်ရိုက်ကစားနည်းများသာမက တတ်မြောက်ရန် ခက်ခဲ၍ ကျွမ်းကျင်မှုလိုအပ်သော ကစားနည်းများဖြစ်သည့် မြားပစ်၊ လှေလှော်၊ ရေကူး၊ ကာယဗလ၊ ကာယအလှ၊ ပြေးခုန်ပစ် အစရှိသည့် ကစားနည်းများကို စနစ်တကျလေ့ကျင့်သင်ယူစေခဲ့ရာ ဉာဏ်ရည် ထက်သော ကျောင်းသား၊ ကျောင်းသူများပီပီ အလွယ်တကူ မြန်မြန် ဆန်ဆန် တတ်မြောက်ကြောင်း တွေ့ရှိရသည်။ ❖

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ကွင်းတိုက်စစ်ထက်မြက်တဲ့ ဘိုင်ယန်မြူးနစ်၊ မာဆေး၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



အခုတစ်ပတ်စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က အမှတ်ပေးပြိုင်ပွဲ ရပ်နားပြီး ဖလားပွဲစဉ်တွေ ဆက်လက်ကစားမှာဖြစ်ပေမဲ့ ကျန်ထိပ်သီးကလပ်အသင်းတွေကတော့ အမှတ်ပေးပွဲတွေ ဆက်လက်ကစားသွားမှာပါ။ ဒ့ါပြင် ကြားရက်ကလဲ ဖလားပွဲစဉ်တွေနဲ့ အမှတ်ပေးပွဲစဉ်တွေရှိခဲ့တာကြောင့် အသင်းကြီးတွေကိုချဉ်းကပ်ရာမှာ ဒဏ်ရာရ၊ ပွဲပယ်တွေကို သတိထားရွေးချယ်ရမှာပါ။ လာမဲ့ စနေနေ့ညမှာတော့ အိမ်ကွင်းတိုက်စစ်ကောင်းပြီး မဖြစ်မနေရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားရမှာပါ။

**ဘိုင်ယန်မြူးနစ်ကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘိုင်ယန်မြူးနစ်နဲ့ ဖရန့်ဖတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက ခြောက်ဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူးမာနေးက ခြေစွမ်းပြဂိုးသွင်းနိုင်ခဲ့သလို လူငယ်ကစားသမားမူစီအာလာကလဲ သွင်းဂိုးနှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်မှူးမာနေး၊ ဂိုးသမားနူအာ၊ ကွင်းလယ်ကစားသမား ဂိုရက်ဇ်ကာ၊ ခံစစ်ကစားသမား ဟာနန်ဒက်စ်တို့ ဒဏ်ရာပြဿနာရှိနေတာကြောင့် အသင်းရဲ့ကစားအားကျဆင်းသွားခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲဆက်မှာ သရေရလဒ်ပဲထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ တိုက်စစ်ကစားအားကောင်းတဲ့အသင်းဖြစ်တာကြောင့် အမှတ်ပေးပွဲ ၁၇ ပွဲအပြီးမှာ သွင်းဂိုး ၅၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ရမှတ် ၃၆ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ဒဏ်ရာရကစားသမားခြောက်ယောက်ထိရှိပေမဲ့ ကစားသမားအင်အားတောင့်တင်းမှုကြောင့် အဝေးကွင်းခံစစ်ပိုင်းပေးဂိုးများနေတဲ့ ဖရန့်ဖတ်အသင်း ရှုံးကန်ရမှာသေချာပါတယ်။

ဖရန့်ဖတ်အသင်းဟာ အခုရာသီမှာ ဂေါ့ဇီကိုခေါ်ယူနိုင်တာကလွဲရင် အဓိက ကစားသမားခေါ်ယူမှုမပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ သူတို့အသင်းဟာ နည်းပြဂလက်စ်နာရဲ့စွမ်းဆောင်ရည်ကောင်းမှုကြောင့် အမှတ်ပေးပွဲ ၁၆ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၀ ထိစုဆောင်းနိုင်ခဲ့ပြီး အဆင့်(၁)က ဘိုင်ယန်မြူးနစ်နဲ့ ရမှတ်ခြောက်မှတ်ပဲကွာဟတော့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြဟာ ကွင်းလယ်အသားပေးတဲ့ကစားကွက်နဲ့ပွဲထွက်နေပြီး ဒီကစားကွက်မှာ မူအာနီ၊ ကာမာဒါ၊ လင်းစတုန်းတို့က ဂိုးတွေသွင်းယူနိုင်ခဲ့ကာ လင်းစတုန်းက သွင်းဂိုးခုနစ်ဂိုးနဲ့ဂိုးသွင်းအများဆုံးဖြစ်နေတာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာလဲ ရှော်လ်ကေးအသင်းကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့တာကြောင့် သုံးဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့ပါတယ်။ အခုပွဲစဉ်မှာတော့ ဒဏ်ရာရကစားသမားသုံးယောက်ပဲရှိပေမဲ့ ဘွန်ဒက်လီဂါရဲ့ တိုက်စစ်အကောင်းဆုံးအသင်းကို အဝေးကွင်းမှာကစားရမှာဖြစ်လို့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် ဘိုင်ယန်မြူးနစ်ကိုပဲ အားပေးရမှာပါ။

**ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၆ | - | ၁ | ဝါဒါဘရီမင် |
| ရှော်လ်ကေး | ၀ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၄ | ဆဲလ်ဘတ် |
| လိုက်ပ်ဇစ် | ၁ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၁ | ကိုလုံး |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၅ | - | ၁ | ဆန့်ဟူဆန် |
| ဖရန့်ဖတ် | ၂ | - | ၂ | အတ္တလန်တာ |
| ဖရန့်ဖတ် | ၂ | - | ၂ | လက်ပိုဇန် |
| ဖရန့်ဖတ် | ၁ | - | ၀ | လက်ပိုဇနန် |
| ဖရန့်ဖတ် | ၃ | - | ၀ | ရှော်လ်ကေး |

**မာဆေးနဲ့ လက်တွဲရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မာဆေးနဲ့ မိုနာကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မာဆေးအသင်းဟာ အခုရာသီမှာ ဆန်းချက်ဇ်၊ ဘာရီတောက်၊ တာဗာရက်စ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းတိုးတက်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မာဆေးအသင်းဟာ အမှတ်ပေးပွဲ ၁၉ ပွဲအပြီးမှာ ၁၃ ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၂ မှတ်နဲ့ အဆင့်(၃)ထိရောက်ရှိခဲ့ပြီး အဆင့်(၁)က ပီအက်စ်ဂျီနဲ့ ငါးမှတ်ပဲကွာဟနေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံခြောက်ပွဲဆက် နိုင်ပွဲရရှိခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၆ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ မာဆေးအသင်းဟာ နည်းပြတူဒေါ်ကို ခန့်အပ်ပြီးနောက်ပိုင်း ကစားပုံတိုးတက်လာခဲ့ပြီး နည်းပြရဲ့ကစားကွက်အောက်မှာ ကစားသမားအားလုံးနီးပါး ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ အသင်းရဲ့တိုက်စစ်ကိုလဲ ဆန်းချက်ဇ်ကဦးဆောင်နေပြီး သွင်းဂိုးခြောက်ဂိုးနဲ့ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ မာဆေးအသင်းဟာ အခုပွဲစဉ်မှာ ခံစစ်ကစားသမားဘိုင်လီမပါနိုင်တာကလွဲရင် ကျန်ကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

မိုနာကိုအသင်းဟာ ကစားသမားအင်အားတောင့်တင်းမှုရှိပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရမှတ်တွေဆုံးရှုံးနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းလေးပွဲဆက်မှာလဲ ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြဟာ တိုက်စစ်ပိုင်းမှာ အမ်ဘိုလို၊ ဘန်ရယ်ဒါတို့လို ခြေစွမ်းပြကစားသမားတွေကိုပိုင်ဆိုင်ထားပြီး ဘန်ရယ်ဒါက သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာတော့ အဆင့်(၇)က လိုရီးယန့်ကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာ ခံစစ်ကစားပုံကျဆင်းခဲ့တာကြောင့် နှစ်ဂိုးထိပေးခဲ့ရပြီး သရေရလဒ်ပဲရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ နှစ်သင်းစလုံး ကစားသမားစုဖွဲ့မှုတူညီနေပေမဲ့ နည်းစနစ်ပိုင်းနဲ့ ခံစစ်ကစားပုံမှာတော့ မာဆေးအသင်းက သာလွန်နေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ မာဆေးအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်နဲ့အသာရထားသလို နှစ်သင်းပေါင်းဂိုးများခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ အသင်းလိုက်ကစားပုံကောင်းနေတဲ့ မာဆေးအသင်းနဲ့ပဲလက်တွဲရမှာပါ။

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | ၁ | - | ၂ | မာဆေး |
| ဟိုင်းရက် | ၀ | - | ၂ | မာဆေး |
| မာဆေး | ၃ | - | ၁ | လိုရီးယန့် |
| ထရွိုင်းယက် | ၀ | - | ၂ | မာဆေး |
| မာဆေး | ၁ | - | ၀ | ရင်းနစ် |

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အော့ဇေး | ၂ | - | ၃ | မိုနာကို |
| မိုနာကို | ၁ | - | ၀ | ဘရက်စ် |
| မိုနာကို | ၂ | - | ၂ | ရှိဒက်စ် |
| လိုရီးယန့် | ၂ | - | ၂ | မိုနာကို |
| မိုနာကို | ၇ | - | ၁ | အေဂျက်စီယို |

**ဆီဗီလာကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာအသင်းနဲ့ အယ်ချီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ အခုရာသီမှာ ရလဒ်ပိုင်းကျဆင်းခဲ့တာကြောင့် တန်းဆင်းဇုန်ထဲကျရောက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နည်းပြလိုပက်တီဂူနဲ့လမ်းခွဲခဲ့ပြီး သူ့နေရာမှာ နည်းပြဆမ်ပါအိုလီကိုအစားထိုးခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ဆမ်ပါအိုလီကို ခန့်အပ်ပြီးနောက်ပိုင်း ကစားပုံတည်ငြိမ်လာတာကြောင့် နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြသစ်ဆမ်ပါအိုလီကတော့ ပြိုင်ဘက်ရဲ့ကစားကွက်အခင်းအကျင်းကိုကြည့်ပြီး နည်းစနစ်ပိုင်း အပြောင်းအလဲပြုလုပ်ကစားနေတာကြောင့် အခုပွဲစဉ်မှာလဲ ဘယ်လိုပုံစံနဲ့ပွဲထွက်လာမလဲဆိုတာစိတ်ဝင်စားစရာပါ။ ဒါပေမဲ့ ဆမ်ပါအိုလီရဲ့ခံစစ်ကစားပုံဟာ ဖြစ်ဒဏ်ကျူးလွန်တဲ့ကစားသမားတွေများပြားနေပြီး အနီကတ်၊ အဝါကတ်တွေ ပွဲတိုင်းနီးပါးပြသခံခဲ့ရတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ လာမယ်လာဟာ အနီကတ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ပေမဲ့ လက်ရှိတိုက်စစ်ပိုင်းကိုတော့ ရာဖာမာ၊ အန်ညက်ဆီရီ၊ အိုလီဗာတောရက်စ်တို့ဦးဆောင်နေတာကြောင့် တိုက်စစ်ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။ လက်ရှိမှာတော့ လာလီဂါ ၁၈ ပွဲမှာ လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၅)မှာရောက်ရှိနေပြီး တန်းဆင်းဇုန်နဲ့ ရမှတ်တစ်မှတ်ပဲကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေဟာ ဆီဗီလာအသင်းအတွက် ရေကုန်ရေခန်းကစားသွားရမှာပါ။

အယ်ချီအသင်းဟာ အခုပြိုင်ပွဲမှာနိုင်ပွဲတစ်ပွဲမှမရသေးသလို လာလီဂါ ၁၈ပွဲမှာ ခြောက်ပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်နဲ့ ဇယားအောက်ဆုံးမှာ ရောက်ရှိနေပြီး တန်းမဆင်းရဖို့အတွက်ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းနောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် အဝေးကွင်းကိုးပွဲမှာလဲ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ခံစစ်ပိုင်းက ပေးဂိုး ၂၁ ဂိုးထိရှိခဲ့တာကြောင့် လာလီဂါမှာ ပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလမှာ နည်းပြအပြောင်းအလဲပြုလုပ်ပြီး မာချင်ကို နည်းပြသစ်အဖြစ်အတည်ပြုခဲ့တာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုရှစ်ကြိမ်မှာလဲ ဆီဗီလာအသင်းက ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့အသာရခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ နည်းပြနှစ်ယောက်ရဲ့အတွေ့အကြုံမှာ ဆမ်ပါအိုလီက မာချင်ကိုထက် သာလွန်နေသလို ကစားသမားစုဖွဲ့မှုမှာလဲ ဆီဗီလာက အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ကြိုးစားလာမဲ့ ဆီဗီလာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒီပို့ဒီပို | ၀ | - | ၅ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၁ | ဂီတာဖေး |
| ဂျီရိုနာ | ၂ | - | ၁ | ဆီဗီလာ |
| အလာဗက်စ် | ၀ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | ကာဒီဇက် |

**အယ်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၂ | - | ၀ | အယ်ချီ |
| စီယူတာ | ၁ | - | ၀ | အယ်ချီ |
| အယ်ချီ | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ကာဒီဇက် | ၁ | - | ၁ | အယ်ချီ |
| အယ်ချီ | ၁ | - | ၁ | အိုဆာဆူနာ |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဘိုကလေးမြို့နယ် အမာမြို့တွင် ယခုနှစ် ငါးဖမ်းရာသီ၌ ပင်လယ်ကျားဖောင်ခြောက်စီး ထပ်တိုးလုပ်ကိုင်နေ



**ဘိုကလေး ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမာမြို့တွင် ယခုနှစ် ငါးဖမ်းရာသီ၌ ပင်လယ်ကျားဖောင် ခြောက်စီးထပ်တိုးလုပ်ကိုင်နေကြောင်း အမာမြို့ ပင်လယ်ကျားဖောင်ဦးစီး ဦးမင်းနောင်မိုးက ပြောပြ၍ သိရသည်။

အမာမြို့တွင် ကျားဖောင်ဖြင့် ပင်လယ်ငါးဖမ်းသည့်လုပ်ငန်းလုပ်ကိုင်ရာ၌ ၂၀၂၂ ခုနှစ် ငါးဖမ်းရာသီက ပင်လယ်ကျားဖောင်ကိုးစီးသာရှိခဲ့ပြီး ယခုနှစ် ငါးဖမ်းရာသီတွင် ပင်လယ်ကျားဖောင်ခြောက်စီး ထပ်တိုးကာ ပင်လယ်ကျားဖောင် ၁၅ စီးဖြင့် လုပ်ကိုင်နေကြောင်း၊ ပင်လယ်ကျားဖောင်အစီးရေ ထပ်တိုးလုပ်ကိုင်လာခြင်းသည် ငါးဈေးကောင်းလာခြင်းနှင့် ကျားဖောင်လုပ်ငန်းတွင် အမြတ်အစွန်းအများအပြားရရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ကျားဖောင်လုပ်ငန်းက ပင်လယ်ပြင်ကနေ ငါးမျိုးစုံနဲ့ ပုစွန်တွေကို အဓိကဖမ်းယူတာဖြစ်ပါတယ်။ ဒီနှစ်က အရင်နှစ်ကထက် ကျားဖောင်အစီးရေ တိုးလာပါတယ်။ ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းတွေက အမာမြို့မှာ စတင်လုပ်နေပြီဖြစ်ပါတယ်။ ကျားဖောင်အစီးရေတိုးလာတဲ့အတွက် လုပ်ငန်းရှင်တွေကော လုပ်သားတွေပါ အဆင်ပြေမှာဖြစ်ပါတယ်။ အမာမြို့မှာက အခြားလုပ်ငန်းတွေနဲ့ စာရင် ပင်လယ်ကျားဖောင်လုပ်ငန်းက အမြတ်အစွန်းရရှိပြီး ပုံမှန်ငွေပေါ်နေတဲ့လုပ်ငန်းဖြစ်တာကြောင့် ထပ်တိုးတဲ့ ကျားဖောင်အစီးရေများလာတာဖြစ်ပါတယ်။ အသစ်ထပ်တိုးလုပ်ကိုင်လာတဲ့သူတွေကတော့ ဇန်နဝါရီလထဲမှာ စတင်လုပ်ကိုင်နေတာပါ။ မနှစ်ကတည်းက လုပ်နေတဲ့သူတွေကတော့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကတည်းက စလုပ်နေတာပါ"ဟု အမာမြို့ ပင်လယ်ကျားဖောင်ဦးစီး ဦးမင်းနောင်မိုးက ပြောပြသည်။

အဆိုပါ ပင်လယ်ကျားဖောင်ဖြင့် ငါး၊ ပုစွန်များကို အဓိကထားဖမ်းယူကြပြီး ပင်လယ်ကျားဖောင်တစ်စီးလျှင် တစ်ဦးမှ ဦးရေ ၂၀ ထိလုပ်ကိုင်ကြကာ ပင်လယ်ကျားဖောင်လုပ်သားတစ်ဦး တစ်လလျှင် ငွေကျပ် ၁၄၀၀၀၀ မှ ငွေကျပ် ၁၆၀၀၀၀ ထိ လုပ်ခလစာပေးငှားရမ်းလုပ်ကိုင်ရကြောင်း အမာမြို့ ပင်လယ်ကျားဖောင်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

**ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် စမ်းကလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်တလင်း ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ စမ်းကလေးကျေးရွာ၌ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

စမ်းကလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၃ ဒသမ ၆၂၅ သန်း စုစုပေါင်း စီမံကိန်းအသင်းသား ၈၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၉၂၅ သန်း ထုတ်ချေးထားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းထံမှ သိရသည်။

**သန္တာ**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

**We Protect The Family**

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ ညောင်ပင်သာလမ်း၊ အမှတ်(၁၀၁) နေ ဦးအံ့မောင်မောင်ဟန် မှ **(1) ဟန်မြင့်မိုရ် (2) ဟန်စတား (3) စိန်တောင်တန်း (4) ရွှေတပ်ကုန်း** တံဆိပ်(4)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့်သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးအံ့မောင်မောင်ဟန် ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအံ့မောင်မောင်ဟန်(၁၃/ရစန(နိုင်)၀၉၅၂၄၀) နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ညောင်ပင်သာလမ်း၊အမှတ်(၁၀၁)၊ ၀၉-၇၇၅၁၀၃၅၇၇**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အနောက်သာဂရ-အထက(ခွဲ)ကျောင်းမှ KG တန်းတွင်ပညာသင်ဆဲဖြစ်သော (အဘ) ဦးလှမင်း ၏သားဖြစ်သူ မောင်ဖြိုးပြည့်စုံ အား မောင်မင်းဘုန်းမြတ် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းဘုန်းမြတ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(ညောင်ရွှေ)ကျောင်းမှ G-10 သင်ရိုးသစ်တွင် ပညာသင်ဆဲဖြစ်သော မရွှန်းလဲ့စိုး ၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဘိုတင့် ဖြစ်ပါကြောင်း။ **ဦးဘိုတင့်(၉/ကဆန(နိုင်)၁၀၈၉၄၂)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။


## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့်ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်...

❖ ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင်ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၂၄

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲတတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

